မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုံရွာစက်မှုဇုန်၌ လယ်ယာသုံးထွန်စက်အမျိုးမျိုးထုတ်လုပ်နေ
ကြက်ဆူစွန့်ပစ်ပစ္စည်းဖြင့် အာဟာရသဘာဝမြေသြဇာများ ပြန်လည်ပြုလုပ်

နေပြည်တော် မေ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၃ရက် နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(ရွှေဘို)သို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ကာ ကွန်ပျူတာခန်းများနှင့် အစည်းအဝေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဧရာဝတီတိုင်းအလှကို ထပ်ဆင့်ဖော်ညွှန်းပေးမည့်
အင်္ဂပူမြို့နယ်က ကညင်ရေလှောင်တမံစီမံကိန်း

သတင်းခရီးသည် - ကျော်စိန်

ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၈

ဧရာဝတီတိုင်းကား မြန်မာနိုင်ငံ၏ စပါးကျီဖြစ်၏။ မြစ်ချောင်း အင်းအိုင် ပေါများသည့်အပြင် မိုးရွာသွန်းမှုလည်း များသည်။ သို့သော် နွေရာသီ၌ အချို့နေရာများတွင် သောက်သုံးရေ ရှားပါးနေတတ်ပြန်သည်။

ကညင်ရေလှောင်တမံ

ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး တိုးတက်စေရေးနှင့် ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့ရာမှ ကညင်ရေလှောင်တမံစီမံကိန်း ပေါ်ထွန်းလာခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ၏ ကုန်းကျောတမံအမှတ် ၂၊၃၊၄ တို့ တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကညင်ရေလှောင်တမံ

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံ တည်ဆောက်မှုမြင်ကွင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၉ ရက်)

ရေမြေသဘာဝနှင့်ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများ တီထွင်ထုတ်လုပ် စက်မှုလယ်ယာသို့ အရှိန်အဟုန်မြင့် တိုးမြှင့်ဖော်ဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ စုစုပေါင်းမြေဧက ၁၆၇ ဒသမ ၁၈သန်း၏ လေးပုံတစ်ပုံမှာ စိုက်ပျိုးနိုင်သောမြေများဖြစ်ပြီး လက်ရှိ အသားတင်စိုက်ပျိုးမြေဧက ၂၉ ဒသမ ၃၂သန်းခန့်ဖြစ်၍ စိုက်ပျိုးနိုင်သောမြေရိုင်း ၁၃ဒသမ ၉၈သန်း ကျန်ရှိနေသေးသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်အလျောက် လယ်ယာလုပ်ငန်းကို စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ရေမြေဒေသအလိုက် ကိုက်ညီအသုံးပြုနိုင်သည့် လယ်ယာသုံးစက်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသည် ယခင်က လယ်ယာ-၁၆၊ လယ်ယာ-၂၂ထွန်စက်များကို ထုတ်လုပ်ခဲ့ပြီး ယခုအခါ လယ်ယာသုံးစက်ပစ္စည်းအမယ်သစ်များကို ဆက်လက်ထုတ်လုပ်လျက်ရှိရာ၌ မျိုးဆက်သစ်လယ်ယာထွန်စက်၊ စပါးရိတ်စက်၊ တစ်ဘီးတပ်ထွန်စက်၊ တမန်းလှေခြေလှေ့စက်နှင့် စပါးခွဲလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်များကို တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိသည်။

စက်မှုလယ်ယာမှ အသစ်ထပ်မံထုတ်လုပ်လိုက်သည့် မျိုးဆက်သစ်လယ်ယာထွန်စက်၏ ထူးခြားချက်သည် မြင်းကောင်ရေပြည့်မီပြီး အရည်အသွေးမြင့်အင်ဂျင်ပါရှိ၍ ကြံ့ခိုင်မှုရှိခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်အနေဖြင့် အလုပ်ချိန်တစ်ရက် ရှစ်နာရီတွင် ထယ်ထိုးခြင်း သုံးဧကနှင့် ထွန်မွှေခြင်း လေးဧက ပြီးစီးနိုင်ကြောင်း သိရသည်။

စပါးရိတ်စက်ထုတ်လုပ်ထားမှု၏ ထူးခြားချက်မှာ ရိတ်သိမ်းချိန်အမီ သီးထပ်များစိုက်ပျိုးနိုင်ခြင်း၊ လုပ်သားအင်အားသက်သာစွာဖြင့် ရိတ်သိမ်းနိုင်ခြင်း၊ အလေအလွင့် နည်းပါးခြင်းတို့ပင်ဖြစ်သည်။

စက်မှုလယ်ယာသို့အရှိန်အဟုန်ဖြင့် ကူးပြောင်းရာတွင် လယ်ယာသုံးစက်ပစ္စည်းများကိုလည်း တောင်သူလယ်သမားများ၏လက်တွင်းသို့ ရောက်ရှိရန် နိုင်ငံတစ်ဝန်း နယ်လှည့်ကားများဖြင့် စက်မှုလယ်ယာဦးစီးဌာနက လှည့်လည်ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသည် တောင်သူလယ်သမားတိုင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ တောင်သူလယ်သမားတိုင်း စက်ကိရိယာပိုင်ဆိုင်နိုင်ရေး၊ လွယ်ကူသက်သာစွာဝယ်ယူရရှိနိုင်ရေးနှင့် ရေမြေသဘာဝနှင့်ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများစွာ တီထွင်ကြံဆ ထုတ်လုပ်ပေးခြင်းဖြင့် စက်မှုလယ်ယာကဏ္ဍ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

ရေဒီယိုအစီအစဉ်
(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
(၂၀-၅-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၁၅ တရားတော် **(အင်္ဂုလိမာလသုတ်+ဇောဇ္ဈင်္ဂသုတ်)**မြွေပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။

- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ(၄၉) နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (နှောင်ကြဉ်စေမဲ့အမုန်း)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။

- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး (ပတ်ဝန်းကျင်)
- ၁၆း၃၀ စစ်သည်အတွက်တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ဟင်းငုတ်ပွင့်နဲ့ဆူးပုတ်ရွက်ကြော်)
- ၁၇း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၄၀ သိမှတ်စရာမြန်မာစကား မြန်မာစာ (ကြီးပွားတိုးတက်ရေးလမ်းပြဝတ္ထုတစ်ပုဒ်)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၀၅ ညနေခင်းတေးပဒေသာ
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (တယုတယစုကြမယ်)
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (ထွန်းထွန်း-Examplez)
- ၁၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၃၀ ဝတ္ထုတိုခံစားမှု (ခြွင်းချန်၍ ကွင်းကျန်ရစ်ရှာသော) စီးပွားရေးဦးတည်ချက်
- ၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (နံနက်စာစားသုံးတဲ့အလေ့အထ ယဉ်ကျေးမှု)
- ၂၁း၀၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ လူမှုရေးဦးတည်ချက်
- ၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၉-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၄။ ကလေးတို့ကမ္ဘာ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၉)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျန်ကျောင်း** (အပိုင်း-၉)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ မြောက်ဦးနှင့် စစ်တွေမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မေ ၁၆ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် မြောက်ဦးမြို့ သဘော်ဆိပ်၌ ခရီးသွားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူရေးစီစဉ်ထားမှုနှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်း

ယင်းနောက် စစ်တွေမြို့နယ် ဝါဘိုကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာပြည်သူများ၏ အိမ်တွင်း လက်ရက်ကန်း ရက်လုပ်နေမှုများကို အားပေးကြည့်ရှု၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ရက်ကန်းလုပ်ငန်းတိုးတက်လာရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မည့်ကိစ္စများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဝါဘိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဝါဘို၊ ချောင်းနွယ်မြစ်နား၊ စပါးထား ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ကျေးရွာမီးလင်းရေးအတွက် Bio Battery (**အပေါ်ပုံ**)နှင့်အဝတ်အထည်များကိုလည်းကောင်း၊ ဝန်ကြီးဦးအောင်သောင်းကBio Battery များနှင့် ညိုရောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ဘိလပ်မြေအိတ်၅၀၊ စပါးထား ကျေးရွာ ဘုန်းတော်ကြီးကျောင်းပြုပြင်ရန် ဘိလပ် မြေအိတ်၁၀၀နှင့် ဝါဘိုကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာများအတွက် Bio Battery များ ၊ အဝတ်အထည်များ၊ စာကြည့်တိုက်အတွက် ဂျာနယ်၊ စာစောင်များနှင့် ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရန် ဆေးနှင့် ဆေးပစ္စည်းများ၊ ဝါဘိုစာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက်တိုင်းမှူးနှင့်ဝန်ကြီးများသည် ဝါဘိုကျေးရွာနှင့် ကြက်ကိုင်းတန်ကျေးရွာ အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟုမ္မလင်းမြို့နယ်၌ သူနာပြုသင်တန်းဆင်း

ဟုမ္မလင်း မေ ၁၈

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း အခြေခံ သင်တန်းအမှတ်စဉ် (၄/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို မေ ၉ရက် မွန်းလွဲ ၁နာရီက ထိန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ် ပညာရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီဒုတိယတပ်ရင်းမှူး ဦးတင်မောင်ဦးက သင်တန်းသုံးသပ်ချက်ကို ပြောကြားကာ တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးစွန်တိတ်-ဒေါ်လွမ်၊ သားသမီး၊ မြေးမြစ်တစ်စုတို့က ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရွှေဘိုမြို့ တဂဏန်းကျေးရွာ တောင်သူဦးကျော်ဝင်း၏ စပါးစံပြကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရွှေဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ရှိ ရပ်ပျိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မုံရွာစက်မှုဇုန်ခွဲ (ရွှေဘို) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေဘိုမြို့နယ် ပေါက်ခေါင်းကျေးရွာအုပ်စု၌ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူပြုပြင်နေသည့် မဟာနန္ဒာကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရွှေဘိုမြို့ တဂဏန်းကျေးရွာ တောင်သူဦးကျော်ဝင်း၏ စပါးစံပြကွက်ကို လည်းကောင်း၊မုံရွာခရိုင် အရာတော်မြို့နယ် မကြီးစောက်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် အရာတော်(၂)လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပင်မရေပေးမြောင်းသို့ မြစ်ရေစုပ်တင်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အရာတော်မြို့နယ် မြေနက်ကျေးရွာရှိ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၏ ရေလှောင်ကန်(၁)မှ စိုက်ပျိုးမြေများသို့ ရေပေးဝေနေမှုတို့ကိုလည်းကောင်း၊ တောင်သူ ဦးကံပို၏ နွေစပါး စိုက်ခင်းအတွင်း ရေသွင်း စိုက်ပျိုးထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကွဲရဲလမ်းဆုံအထိ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ အောင်သိဒ္ဓိအဆင့်မြင့် မီးသွေးတောင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပြည်ထောင်စုလမ်းမကြီး၊ ကန်သာယာလမ်းနှင့် ကွဲရဲ လမ်းဆုံကြား လမ်းလုပ်ငန်းအဆင့်မြင့်တင် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်ထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မုံရွာစက်မှုဇုန်ရှိ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများအတွင်း စက်ပစ္စည်းအမျိုးမျိုး၊ လယ်ယာသုံးထွန်စက်အမျိုးမျိုးနှင့် စက်မှုဇုန်ထုတ် ကားများ ထုတ်လုပ်ထားရှိမှုတို့ကိုလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြက်ဆူဆီကြိတ် စက်ရုံအတွင်း ကြက်ဆူသီးကြိတ်ခွဲနေမှုတို့ကိုလည်းကောင်း၊ ကြက်ဆူ စွန့်ပစ်ပစ္စည်းဖြင့် အာဟာရသဘာဝမြေဩဇာ ထုတ်လုပ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုးတက်အောင်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မုံရွာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ချင်းတွင်းရတနာခန်းမ၌ မုံရွာစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မုံရွာစက်မှုဇုန်စက်မှုလုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပို၍ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နိုကာယ်စာမေးပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော ၂၀၀၉ခုနှစ် နိကာယ်စာမေးပွဲကို ဇွန်၉ရက်မှစ၍ ဇွန် ၁၃ရက်အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည် ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင်ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲ အချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက် ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှု(၂) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား China CAMC Engineering Co.,Ltd. မှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော် မေ ၁၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ President, Ms. Luo Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China CAMC Engineering Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စက်မှုဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အလေးအနက်ထား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

မေ ၁၈ ရက်က ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးတို့အား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂရုံးမှ သံအမတ်ကြီး **H.E. Mr. David Lipman** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပို၍ခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နောင်ချိုမြို့တွင် ၃ဒသမ၅၀လက်မ၊ မန္တလေးမြို့တွင် ၂ဒသမ၉၁လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ဒသမ၆၄လက်မ၊ ရွှေဘိုမြို့တွင် ၂ဒသမ၂၈လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂ဒသမ၂၄လက်မ၊ ကျောက်ဆည်မြို့တွင် ၂ဒသမ ၂၀လက်မ၊ တောင်ငူမြို့တွင် ၁ဒသမ၆၁လက်မ၊ ကော့သောင်းမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁ဒသမ၂၆လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဆိုမာလီယာနိုင်ငံတွင် တိုက်ခိုက်မှုဖြစ်ပွား ၆၇ ဦးသေဆုံး

မိုဂါဒစ်ရှူး မေ ၁၈

သဘောထားတင်းမာမှု မရှိသည့် အစ္စလမ္မစ်များနှင့် အစွန်းရောက် အယ်လ်ရှာဘက် အဖွဲ့တို့ ဆိုမာလီယာအလယ်ပိုင်းဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားရာ ၆၇ဦး သေဆုံးပြီး အခြားလူ ၃၃၀၀ ထွက်ပြေးခဲ့ကြရကြောင်း အစိုးရလိုလားသည့် တပ်ဖွဲ့ဝင်များနှင့် လူ့အခွင့်အရေးအုပ်စုတို့က မေ၁၇ရက်တွင် ပြောကြားသည်။

ဆိုမာလီယာတွင် လပေါင်းများစွာအတွင်း အဆိုးရွားဆုံးသော တိုက်ခိုက်မှုများဖြစ်ပြီး အစိုးရက ယင်းအခြေအနေကို ထိန်းချုပ်ရန် လုံးပန်းနေရသည်။

မေ၁၅ရက်နှင့်၁၆ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် အရပ်သား ၁၈ ဦး သေဆုံးပြီး လူ ၃၃၀၀ တို့ အိုးပစ်အိမ်ပစ် ထွက်ပြေးကြသည်ဟု မိုဂါဒစ်ရှူးအခြေစိုက် အယ်လ်မန်ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအုပ်စုက ပြောကြားသည်။ ၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် မိုဟာမက်ဆိုင်ယက်ဘာရီအစိုးရ ပြုတ်ကျပြီးသည့်နောက်ပိုင်း ဆိုမာလီယာနိုင်ငံ၏အခြေအနေမှာ မတည်မငြိမ် ဖြစ်နေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျိုးမြို့ရှိ ဆူကျိုးဥယျာဉ်ပြတိုက်အတွင်း ပြခန်းတစ်ခုကို မေ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပင်လယ်ဓားပြ နှိမ်နင်းရေး ဂျပန်ကင်းလှည့်လေယာဉ်နှစ်စင်း စေလွှတ်

တိုကျို မေ ၁၈

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ် ဓားပြနှိမ်နင်းရေးအစီအစဉ်အတွက် ပီ-၃စီ ကင်းလှည့်လေယာဉ်နှစ်စင်းစေလွှတ်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီး ဟာမာဒါက မေ၁၅ရက်တွင် အမိန့်ပေးလိုက်သည်။

အမိန့်ပေး

ပင်လယ်ရပ်ခြားဒေသ၌ တာဝန်ထမ်းဆောင်ရန် ပီ-၃စီလေယာဉ်များကို ဖြန့်ကြက်ရန် ဂျပန်နိုင်ငံက ပထမဆုံး အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

စေလွှတ်

ပင်လယ်ဓားပြနှိမ်နင်းရေးအတွက် အမ်အက်စ်ဒီအက်ဖ် ဖျက်သင်္ဘောရှစ်စင်းကို ဆိုမာလီကမ်းလွန်သို့ စေလွှတ်ရန် ကာကွယ်ရေးဝန်ကြီး ဟာမာဒါက မတ် ၁၃ ရက်တွင် အမိန့်ထုတ်ခဲ့သည်။ **(အင်တာနက်)**

ဘဏ္ဍာရေးအကျပ်အတည်း ပူးပေါင်းဖြေရှင်းရေး တရုတ်နှင့် ဩစတြီးယားနှစ်နိုင်ငံ သဘောတူညီ

ဗီယင်နာ မေ ၁၈

တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌဝူနှင့် ဩစတြီးယားသမ္မတ ဟိန်းဖစ်ရှာတို့ ဗီယင်နာမြို့တော်၌ မေ ၁၅ ရက်က တွေ့ဆုံပြီး ယခုကဲ့သို့ နိုင်ငံတကာဘဏ္ဍာရေး အကျပ်အတည်းကို ရင်ဆိုင်ရာတွင် နှစ်နိုင်ငံနှင့်နိုင်ငံတကာ ကိစ္စများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူလိုက်သည်။

မစ္စတာဝူသည် ချစ်ကြည်ရေးခရီးအဖြစ် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်သို့ မေ ၁၅ရက် နံနက်က ရောက်ရှိခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

များစွာအလေးထား

ဩစတြီးယားသမ္မတ ဖစ်ရှာနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံအနေဖြင့် ဩစတြီးယားနိုင်ငံနှင့် ထပ်မံတိုးချဲ့ ဆက်ဆံရေးကို များစွာအလေးထားကြောင်း မစ္စတာဝူက ပြောကြားသည်။

အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန်အကျိုးရှိရှိဆက်ဆံရေးကို အခြေခံပြီး နှစ်နိုင်ငံအစိုးရချင်း၊ ပြည်သူချင်း၊ ပါတီအချင်းချင်း ချစ်ကြည်စွာဆက်ဆံရေးကို တိုးချဲ့ရန်အသင့်ရှိကြောင်း မစ္စတာဝူက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကာကွယ်ရေးလုပ်ငန်း

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းဆိုင်ကြီးများတွင် မျက်နှာဖုံးများ တပ်ဆင်ကာ A/H1N1 ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မေ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံသားလေးဦး မက္ကဆီကို နယ်စပ်မြို့၌အသတ်ခံရ

လော့စ်အိန်ဂျလိစ် မေ ၁၈

အမေရိကန်နိုင်ငံနှင့် နယ်ချင်းဆက်လျက်ရှိသည့် မက္ကဆီကိုမြို့တစ်မြို့ဖြစ်သော တီဂျာနာ၌ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းမှ အမေရိကန်နိုင်ငံသားလေးဦး၏အလောင်းများကိုတွေ့ရှိရကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက မေ ၁၆ ရက်တွင် ဖော်ပြသည်။

သေဆုံးသူအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတို့၏ အလောင်းများက အကြမ်းဖက်ခံရမှု လက္ခဏာများကိုပြသနေခြင်းဖြစ်ကြောင်း မက္ကဆီကိုနှင့် အမေရိကန်အာဏာပိုင်များက ပြောကြားသည်ဟုသတင်းစာက ကိုးကားဖော်ပြသည်။

စောင်များဖြင့်ဖုံးထားသည့် အလောင်းများတွင် ဒဏ်ရာများတွေ့ရသည်ဟု ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်ရိုကိုနိုင်ငံ ရာဘတ်မြို့ရှိ အထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်၌ A/H1N1 တုပ်ကွေးရောဂါဖြစ်ပွား ရောဂါကူးစက်ခံရသူ ၄၄ ဦးအထိရှိ

ကိုဘေး (ဂျပန်) မေ ၁၈

ဂျပန်နိုင်ငံတွင် A/H1N1တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၃၂ဦး ထပ်မံတိုးလာသဖြင့် စုစုပေါင်း ၄၄ဦးအထိ ရှိလာကြောင်း ဂျပန်အစိုးရက မေ၁၇ရက် ၌ သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါ A/H1N1တုပ်ကွေးရောဂါသည် နိုင်ငံ၏ အနောက်ပိုင်းတွင် အဓိကဖြစ်ပွားလျက်ရှိကြောင်း၊ နောက်ဆုံးရောဂါကူးစက်ခံရမှုမှာ အိုဆာကာနှင့် ကိုဘေးမြို့တို့၌ ဖြစ်ပွားနေခြင်းဖြစ်ပြီး အထက်တန်းကျောင်းသား ကျောင်းသူ ၂၉ဦးပါဝင်ကြောင်း ဂျပန်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပျံ့နှံ့ကူးစက်

ဂျပန်နိုင်ငံတွင် အဆိုပါတုပ်ကွေးရောဂါကို မေလဆန်းပိုင်းမှစပြီး ကနေဒါနိုင်ငံမှ ပြန်လာသော ကျောင်းဆရာတစ်ဦးနှင့် ကျောင်းသားသုံးဦးတို့ထံမှ ပျံ့နှံ့ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နေအိမ်များပြိုကျ

တရုတ်နိုင်ငံ ကန်စုပြည်နယ် လျန်ကျို့မြို့တွင် မြေပြိုမှုကြောင့် နေအိမ်များ ပြိုကျမှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်တပ်များ ထိုးစစ်ဆင်တိုက်ခိုက်မှု အကြမ်းဖက်သမား ၁၀၀၀ခန့်သေဆုံး

အစ္စလမ္မာဘတ် မေ ၁၈

အာဖဂန်နစ္စတန်နယ်စပ်အနီး တာလီဘန်တိုက်ခိုက်ရေးသမားများအား ပါကစ္စတန်တပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ သံသယရှိသူအကြမ်းဖက်သမား ၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ပါကစ္စတန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက မေ ၁၇ရက်တွင် ပြောကြားသည်။

ပစ်ခတ်ချေမှုန်း

ဆွတ်တောင်ကြားအတွင်း ပါကစ္စတန်အစိုးရတပ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး အယ်လ်ခိုင်ဒါနှင့် တာလီဘန်တပ်များရှိရာအနောက်မြောက်ပိုင်းဒေသကိုအဓိကထား ပစ်ခတ်ချေမှုန်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်က ပြောကြားသည်။

ဤသို့ထိုးစစ်ဆင်တိုက်ခိုက်မှုမှာ အမေရိကန်က အယ်လ်ခိုင်ဒါနှင့် တာလီဘန်များကို နယ်စပ်တစ်လျှောက် နည်းပါးအောင် ဆောင်ရွက်နေသည်ကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်အနောက်တောင်ပိုင်း၌ မြေပြို၍ လူနေအိမ်များပြိုကျ

ပေကျင်း မေ ၁၈

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကန်စုပြည်နယ် လျန်ကျို့မြို့တွင် မေ၁၆ရက်က မြေပြိုမှုဖြစ်ပွားရာ လူနေအဆောက်အအုံများ ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ပြိုကျပျက်စီး

မြေပြိုမှုမှာ မေ၁၆ရက် ည၇နာရီက ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် လူနေအိမ်ခြေ၃၀ကျော် ပြိုကျပျက်စီးခဲ့ကြောင်း၊ သေဆုံးသူများတွင် နားမကြားသည့် အဘိုးအိုတစ်ဦးနှင့် အဘွားအိုတစ်ဦး၊ ရှစ်လသားအရွယ် ကလေးငယ်တစ်ဦး၊ အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးတို့ ပါဝင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အဆောက်အအုံပျက်များကြားမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

လှိုင်းဘွဲ့မြို့နယ်သည် နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာသည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ရရှိနေပြီဖြစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လှိုင်းဘွဲ့မြို့နယ်၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၅ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဘားအံ-မြိုင်ကြီးငူလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လှိုင်းဘွဲ့မြို့နယ် ဂျိုချောင်းကျေးရွာအုပ်စုရှိ ဦးထွန်းငွေ၏ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များအား မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာက ပြည်နယ်အတွင်းရှိ ရော်ဘာနှင့် ကြားသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ရော်ဘာအစေးကြိတ်လုပ်ငန်းဆောင်ရွက်နေမှု၊ ရော်ဘာအစေးခြစ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရော်ဘာပျိုးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ စုံနံ့သာမြိုင် ဆွေမြို့တော်ရှိ ဘေသဇ္ဇမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုကြသည်။

လက်ဆောင်ပစ္စည်းပေး

ဆက်လက်၍ လှိုင်းဘွဲ့မြို့သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ငြိမ်းချမ်းရေးအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် လှိုင်းဘွဲ့မြို့နယ် အောင်ဆန်းခန်းမ၌ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော လူနေအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက မြို့နယ်၏စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လှိုင်းဘွဲ့မြို့နယ်သည် နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာပြီဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း စသည်ဖြင့် ပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် လှိုင်းဘွဲ့တပ်နယ်ရှိ ဒေါနခန်းမသို့ရောက်ရှိကာ တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

မှာကြား

ထိုမှတစ်ဆင့် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာသို့ရောက်ရှိကြရာ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အိမ်ရာဆောက်လုပ်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြား၍ အိမ်ရာများကို လှည့်လည်ကြည့်ရှုသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ ဒေါပုံမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၁၈

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉)ဆင်းပွဲကို မေ ၇ရက်က အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ ဌာနဆိုင်ရာများမှ ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူ ၅၃ဦး တက်ရောက်ကြသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ရာ ပထမဆုရရှိသူ အလက(၃)မှ ဒေါ်ရီရီမြင့်အား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်က ဆုချီးမြှင့်ကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျွန်းနှင့်သစ်မာစိုက်ပျိုးရေး တာဝန်ပေးအပ်

ရန်ကုန် မေ ၁၈

သစ်တောဦးစီးဌာနက ကြီးမှူး၍ သန်လျင်မြို့နယ်တွင် ၂၀၀၉-၂၀၁၀ခုနှစ် မိုးရာသီ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် တစ်ရွာတစ်ဧက စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲကို မေ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရီထွေးက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် တစ်ရွာတစ်ဧကေ စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးပုံနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရီထွေး**(ဝဲပုံ)** တို့က စိုက်ပျိုးရေးတာဝန်ပေးအပ်လွှာများကို ကျေးရွာဥက္ကဋ္ဌများအား ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာပိုင်သစ်တောစိုက်ခင်း စိုက်ပျိုးရေး မအူပင်မြို့နယ်၌ တာဝန်ပေးအပ်

မအူပင် မေ ၁၈

ဧရာဝတီတိုင်း သစ်တောဦးစီးဌာနမှကြီးမှူး၍ မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ၂၀၀၉ ခုနှစ် မိုးရာသီ၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ရွာတစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မေ ၁၆ရက်က မအူပင်မြို့နယ် သစ်တောဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနား၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန် တက်ရောက်အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်က တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင် တစ်ရွာတစ်ဧက ကျေးရွာပိုင် သစ်တောစိုက်ခင်းစိုက်ပျိုးခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးသွားမည်

ထို့နောက် ပုသိမ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား သစ်ပင်စိုက်ပျိုး တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၁၅အုပ်စုရှိ အိမ်ထောင်စုပေါင်း ၃၀၀၀ စုမှ ကျွန်းပင် ၉၀၀၀ နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း နှစ်ဧကအတွက် သစ်မာ(ယူကလစ်) အပင် ၆၀၀ အပါအဝင် ဆက်သွယ်ရေး လမ်းဘေးဝဲယာတို့တွင် ကျွန်း၊ ယူကလစ်ပင် စုစုပေါင်းအပင် ၂၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ထီးလင်းမြို့နယ်၌ အသိပညာပေးဟောပြော

ထီးလင်း မေ ၁၈

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၇ရက်က ထီးလင်းမြို့နယ် အောင်းတောင်ရွာ ရတနာစာကြည့်တိုက်ရှေ့မျက်နှာစာ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မာရီက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍လည်းကောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ချိုချိုဝင်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးမောက်မြို့နယ် ပြန်/ဆက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

မိုးမောက် မေ ၁၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်သည် မေ ၁၅ရက်က မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်က မြို့နယ်စာကြည့်တိုက်များ စနစ်တကျရှိရေး၊ စာငှားကတ်ဖြင့်ဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ စီမံဆောင်ရွက်ရေးနှင့် ဝန်ထမ်းများစည်းလုံးမှုဖြင့် ရှေ့ဆက်ကြိုးစားကြရန် ဆွေးနွေးပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး ဟင်္သာတမြို့ ပခန်းဆိပ်ကမ်းလမ်း ကျေးလက်ကျောက်ချောခင်းလမ်း ဖွင့်ပွဲအခမ်းအနားတွင် လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုစဉ်။ (လယ်/ဆည်)

ဟင်္သာတ၌ ပခန်းဆိပ်ကမ်းလမ်း ကျေးလက်ကျောက်ချောလမ်းဖွင့်

ရာသီမရွေး အဆင်ပြေလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီ

နေပြည်တော် မေ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် မေ ၁၁ရက် နံနက် ၇နာရီခွဲက ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သည့် ပခန်းဆိပ်ကမ်းလမ်း ကျေးလက်ကျောက်ချောခင်းလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါလမ်းသည် အရှည်ပေ ၂၃၂၀၊ အကျယ် ၁၂ပေရှိပြီး ဟင်္သာတမြို့ပေါ်ရှိ ရပ်ကွက် ၂၃ရပ်ကွက်နှင့် ကျေးရွာ ရှစ်ရွာတို့မှ ပြည်သူခြောက်သောင်းကျော် ပခန်းဆိပ်ကမ်းသို့ရာသီမရွေး အဆင်ပြေလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် LED မီးအိမ် ၅၀နှင့် ဂျင်နရေတာမီးအားသွင်းစက်၊ အားသွင်းခလုတ်ခုံတို့ကို ထောက်ပံ့ပေးအပ်ပြီး စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီပြုလုပ်နည်းနှင့် မီးထွန်းနိုင်မှုတို့ကို ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဟင်္သာတမြို့နယ် အလယ်စုကျေးရွာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်များဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နတ်မော် ကျေးရွာ၌ ကျေးလက်ဒေသ မီးလင်းရေး စွန့်ပစ်ပစ္စည်းသုံးဘက်ထရီ ပြုလုပ်အသုံးပြုနည်းတို့ကို ရှင်းလင်းပြသခဲ့သည်။

လျှပ်စစ်မီးထွန်းနိုင်မှု

ဆက်လက်၍ဝန်ကြီးသည် ဟင်္သာတမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ အဝီစိတွင်းများနှင့် ရေကန်ငယ်များ၊ ရွာသာကုန်းနှင့် တန်းလျားကြီးရပ်ကွက်များရှိ စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးပြီး စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုကို လက်တွေ့ ရှင်းလင်းပြသသည်။

ဘက်ထရီပြုလုပ်နည်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စစ်ပင် ကျေးရွာ၌ စစ်ပင်၊ တာဂွ၊ ကြံ့တုန်း၊ ဇီးကုန်း၊ ချောင်းဖျား၊ လယ်တီနှင့် အေးမ ရွာများမှ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီ ပြုလုပ်နည်းဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုတို့ကို လက်တွေ့ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၃ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လမ်းမတော်မြို့နယ်ရုံးက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ စာဖတ်ဝိုင်းအခမ်းအနားကို အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစည်သူမင်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင်သတိယုဉ်
ဝန်အားမမျှမသုံးရ

စွမ်းအင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ

ကွမ်းခြံကုန်းမြို့နယ် ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ

ဇီဝဘက်ထရီ အသုံးပြုပုံပြသပြီး အခမဲ့ပေးဝေ

နေပြည်တော် မေ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် မေ ၁၁ ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် ချောင်းဝ (အောက်ဆိပ်) ကျေးရွာ ဘုန်းကြီးကျောင်း၌ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား တွေ့ဆုံကာ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသပြီး အခမဲ့ပေးဝေသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီနှင့် ပဲတို့ကို တစ်အိမ်ချင်း လိုက်လံဝေငှပြီး ကျေးရွာလိုအပ်ချက်များကို ပံ့ပိုးပေးသည်။

ထို့နောက် သိုက်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသကာ အခမဲ့ပေးဝေသည်။ ထို့နောက် ဝန်ကြီးသည် ဆန်၊ ဆီနှင့် ပဲတို့ကို ပေးအပ်ကာ ကျေးရွာလိုအပ်ချက်များကို ပံ့ပိုးပေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စက်တစ်လုံးကို လှူဒါန်းသည်။

ဆောက်လုပ်နေမှု

ဆက်လက်၍ သိုက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အသစ်ပြန်လည်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောင်းဝ(အထက်ဆိပ်)ကျေးရွာနှင့် ကညင်ကုန်းကျေးရွာတို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဇီဝဘက်ထရီအသုံးပြုမှုကို ရှင်းလင်းပြသ၍ အခမဲ့ပေးဝေသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ တစ်အိမ်ချင်း ဝေငှကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် သိုက်ကုန်းကျေးရွာ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

Silk Air Travel Fair

ပရိုဂရမ်စတင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၈

Silk Air Travel Fair ပရိုဂရမ် စတင်ပွဲအခမ်းအနားကို မေ၁၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် SKY Bistro 20th Floor Skura Tower၌ ကျင်းပရာ Golileo Travelport Assistant General Manager Mr.Thanat Nualsuwaln နှင့် မြန်မာနိုင်ငံဆိုင်ရာ Silk Air မန်နေဂျာMr. Yew Latip Atwil တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး Silk Air မှ ရန်ကုန်-စင်ကာပူ အသွားအပြန် ခရီးအတွက် ၃၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် လေယာဉ်လက်မှတ်များ စတင်ရောင်းချပေးသည်။

Golieleo Travelport၏ စီစဉ်မှုဖြင့် စင်ကာပူလေကြောင်းလိုင်း Silk Air မှ ရန်ကုန်-စင်ကာပူ အသွားအပြန်ခရီးအတွက် ၃၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် နှစ်ပေါင်း၂၀နီးပါး အစဉ်အားပေးခဲ့သည့် မြန်မာပြည်သူများကို ကျေးဇူးတုံ့ပြန်မှုအနေဖြင့်၊ Silk Air Travel Fair အစီအစဉ်ဖြင့် မေ၁၆ရက်မှ ၁၈ရက်အထိ စင်ကာပူလေကြောင်းခရီးလက်မှတ် ဝယ်ယူသူ ခရီးသည်များအား ကံစမ်းမဲဖောက်၍ လေယာဉ်လက်မှတ်များကို ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်လက်မှတ်များကို SKY Bistro 20th Floor Skura Tower, Amtra Travel 393304, 393305, Columbus Travel 229245, 255123, Htoo Travel 548554, 557890, Nice Fare Travel 393088, 245378, Saw Porn Phan Travel 373234, 224883, Sun Far Travel 243993, 255338နှင့် Than Than Travel 255034, 255035တို့တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

Silk Air Travel Fair ပရိုဂရမ် စတင်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် **SKY Bistro 20th Floor Skura Tower** ၌ကျင်းပရာ **Silk Air** မှ ရန်ကုန်-စင်ကာပူအသွားအပြန် ခရီးအတွက် ၃၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ခရီးသည်များအား လေယာဉ်လက်မှတ်များ ရောင်းချပေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် ပြည်နယ်အဆင့် စွမ်းရည်ပြိုင်ပွဲဆုပေး

ရန်ကုန် မေ ၁၈

၂၀၀၉ခုနှစ်မေ ၈ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် ပြည်နယ်အဆင့် စစ်ရေးပြနှင့် စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အဆိုပါနေ့တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရာမညခန်းမ၌ကျင်းပရာ ရှေးဦးစွာမွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်အဆင့် စစ်ရေးပြနှင့် စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုပေးပွဲကို ကျင်းပရာ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က စစ်ရေးပြတံခွန်စိုက်ဆုရရှိသော မော်လမြိုင်မြို့နယ်အား လည်းကောင်း၊ စွမ်းရည်ပြိုင်ပွဲတံခွန်စိုက်ဆုရရှိသော ချောင်းဆုံမြို့နယ်အား လည်းကောင်း၊ ဘက်စုံတံခွန်စိုက်အလံ ရရှိသော မော်လမြိုင်မြို့နယ်အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုထိုသော အကြောင်းအရာများ ရှိသည်မို့ မေ ၁၂ရက်က သတင်းအဖွဲ့ ညောင်ရွှေမြို့ ရောက်ရှိခိုက် မြို့နှင့် ပတ်သက်၍ သိရှိနိုင်ရန် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်ကိုတွေ့ဆုံကာ မေးမြန်းမိရာ-

"ညောင်ရွှေမြို့နယ်မှာ သမိုင်းဝင်ထင်ရှားတဲ့ နေရာများရှိပါတယ်။ အထူးသဖြင့် အင်းလေးဖောင်တော်ဦးဘုရားပေါ့။ ဘုရားဖူးကာလဆို မြို့မှာ လူစည်ကားများပြားပါတယ်။ ဒါ့ပြင်လည်း မြို့နေလူများရဲ့ အဓိက စီးပွားရေးလုပ်ငန်းမှာ ပါပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဆီက နိုင်ငံခြားငွေရတာမို့ ခရီးသွားလာရောက်မှု ထို့ထက် များပြားလာအောင် ဆောင်ရွက်နေပါတယ်။

"ညောင်ရွှေမြို့နယ်မှာ သမိုင်းဝင်ထင်ရှားတဲ့ နေရာများရှိပါတယ်"
ဦးအောင်လွင်
ဥက္ကဋ္ဌ
ညောင်ရွှေမြို့နယ်။

ညောင်ရွှေမြို့သည် အင်းလေးကန်ကြောင့် ထင်ရှားသလို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အဆင့်မီ ဟိုတယ်အဆောက်အအုံများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားငွေများ ရရှိနေသဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသဖွံ့ဖြိုးမှုများ တိုးတက်ဖြစ်ထွန်းနေသော မြို့လေးတစ်မြို့ဖြစ်။

အင်းလေးဒေသထွက် ခရမ်းချဉ်သီးများကို ဤသို့ သေတ္တာများဖြင့် ထည့်သွင်းကာ သယ်ဆောင်ကြသည်။ (မြန်မာ့အလင်း)

အင်းလေးကန်

မြို့ရဲ့အထင်ကရ အင်းလေးကန်ကို ရေပြင်ညစ်ညမ်းမှုမရှိအောင်၊ ပတ်ဝန်းကျင် စိမ်းလန်းလှပအောင် အင်းလေးကန်နဲ့ မိုင်၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြီးကြပ်မှုကော်မတီဖွဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်နေပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ "မြို့နဲ့ ကျေးလက်ဒေသမှာ အိမ်ခြေပေါင်း ၃၀၀၀၀ကျော် ရှိပါတယ်။ ပညာရေးကဏ္ဍမှာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၈ကျောင်းနဲ့ မူလတန်းကျောင်း ၁၆၇ကျောင်း ရှိပါတယ်။ အထက်တန်းကျောင်းခွဲ ငါးကျောင်းနဲ့ အလယ်တန်းကျောင်းခွဲ သုံးကျောင်းရှိပါတယ်။ ကျန်းမာရေးအနေနဲ့ ဆေးရုံသုံးရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများ ရှိပါတယ်"ဟု ပြောကြားသည်။

စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်း အနေဖြင့် "ဒီမှာကတော့ စပါးက အဓိကပါပဲ။ ခရမ်းချဉ်သီးနဲ့ ကြံစိုက်ပျိုးရေးကလည်း အရေးပါပါတယ်။ ခရမ်းချဉ်သီးဆိုရင် ဧကအားဖြင့် ၇၅၁၃ဧက ရှိပါတယ်။ ထွက်ရှိမှုက ပိဿာချိန် သိန်းနဲ့ချီ ရှိပါတယ်။ ထွက်ရှိလာတဲ့ ခရမ်းချဉ်သီးကို ရန်ကုန်နဲ့နေပြည်တော်ပို့ပါတယ်။ မနှစ်က ဈေးကောင်း ရပါတယ်။ ကြံစိုက်ဧက ၈၀၀၀ရှိပြီး ဒေသမျိုးစိုက်သလို မနှစ်က တောင်သူတစ်ဦးဆိုလျှင် နည်းပြောင်းပြီး အတန်းလိုက် စုံတွဲစိုက်နည်း အသစ်လုပ်ပါတယ်။ အဲဒီစိုက်ပျိုးနည်းကို မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းက ပေးတာပါ။ ဒေသမျိုးရယ်၊ ထိုင်းမျိုးနဲ့ ဖိလစ်ပိုင်မျိုးတွေကို ၁၈ဧက စမ်းစိုက်တာပါ။ တစ်ဧက ကြံတန်ချိန် ၄၀ကျော် ၅၀ စွန်းစွန်းရပါတယ်" ဟု ကြံစိုက်နည်းအသစ်နဲ့ ပတ်သက်၍ ပြောပြသည်။

မှန်ပါသည်။ မြို့ရှိခရမ်းချဉ်သီးပွဲရုံများ၌ ခရမ်းချဉ်သီးများ ထောင်ပုံရာပုံစုပုံထားသည်ကို မြင်ရသည်မှာ အားရစရာပင်။ ဒေသ၏ စိုက်ပျိုးဖြစ်ထွန်းနိုင်မှုကို ပြသနေသည်။

ကြံရာသီ

ကြံစိုက်ရာသီ ပြီးဆုံး၍ သကြားချက်လုပ်ကာ သကြားအိတ်များ ရန်ကုန်သို့ပို့ရန် ကားများပေါ်သို့ တင်နေသည်ကို သကြားစက်ရုံများ၌ တွေ့ရသည်။ ရန်ကုန်မြို့ရှိ စားသောက်ကုန်လုပ်ငန်းများ၌ သုံးစွဲသော သကြားသည် ဤဒေသမှလည်း ရရှိပါလားဟု သိရသည်။

အင်းလေးကန်၏ နေဝင်ဆည်းဆာအလှကား ကြည်နူးဆွတ်ပျံ့ဖွယ်....။ (မြန်မာ့အလင်း)

ညောင်ရွှေမြို့သည် အင်းလေးကန်ကြောင့် ထင်ရှားသလို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အဆင့်မီဟိုတယ်အဆောက်အအုံများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားငွေများရရှိနေသဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသဖွံ့ဖြိုးမှုများ တိုးတက်ဖြစ်ထွန်းနေသော မြို့လေးတစ်မြို့အဖြစ် သတင်းခရီးတစ်ထောက် ကွင်းဆင်းမှတ်တမ်းပြု မြင်တွေ့ လေ့လာခဲ့ရပါကြောင်း....။ ။

(မြန်မာ့အလင်း)

ညောင်ရွှေမြို့ရှိ ဟိုတယ်ဒီဇိုင်းများကလည်း ခရီးသွားများအတွက် ဆွဲဆောင်မှုအပြည့်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ စည်းဝေးမည်

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို မေ၃၀ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(B)၌ ကျင်းပမည်ဖြစ်သည်။

ရမည်းသင်းမြို့နယ်အသင်း အစည်းအဝေး

ရမည်းသင်းမြို့နယ်(ရန်ကုန်)အသင်း နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အားကစားကွင်းအနီး M3 Food Centre ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖြူးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စုံညီ အစည်းအဝေး

ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ၂၃ရက် (စနေနေ့) နံနက်တွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခမ်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဖြူးမြို့နယ်သူ၊ မြို့နယ်သားများ (အသင်းဝင်၊ မဝင်)တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း ဓာတ်ပုံသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှုဆောင်အဖွဲ့မှ ကြီးမှူး၍ ဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၃၈)ကို ဇွန် ၁ ရက်တွင် အသင်းတိုက်ခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ်-၂၇/၂၉၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အသင်းဝင်စာအုပ် ထုတ်ဝေမည်

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းဝင်များ စာအုပ်အသစ် ထုတ်ဝေမည်ဖြစ်ရာ နေရပ်လိပ်စာအပြောင်းအလဲရှိသော အသင်းဝင်များသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂ သို့ မေ ၃၁ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ

(၅၅)ကြိမ်မြောက် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဇွန် ၁၃ရက်မှ ၁၆ရက်အထိ သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၁၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်ရုံး သုဝဏ္ဏကွင်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ကလေးသူငယ်ဆိုင်ရာ စာအုပ်များ အထူးဈေးရောင်းပွဲ

ရန်ကုန်မြို့ရှိ To Day စာအုပ်ဆိုင်များ၌ ကလေးသူငယ်များ စာဖတ်အား တိုးပွားစေရန် ရည်ရွယ်၍ မေ ၁၅ရက်မှ ဇွန် ၁၅ရက်အထိ To Day စာအုပ်တိုက် Quality စာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက်တို့မှ ထုတ်ဝေသော ကလေးသူငယ်ဆိုင်ရာ စာအုပ်များကို ၁၀ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဖြူးအမျိုးသားကျောင်း နှစ်(၉၀)ပြည့် မဂ္ဂဇင်းထုတ်မည်

ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀)၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ပထမပတ်အတွင်း ယင်းကျောင်း၌ ကျင်းပရန်စီစဉ်ထားရာ နှစ်(၉၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေနိုင်ရန် စာမူများ လက်ခံလျက်ရှိသည်။ **(မြန်မာ့အလင်း)**

စုစည်းတင်ပြသူ-ထိန်လင်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော်ပျဉ်းမနား မေ ၁၈

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို မေ ၁၁ရက် ည ၈နာရီက ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရုံးခန်းမတွင် ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ မ-ထ-သ (အဝေးပြေး) ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများနှင့် ယာဉ်မောင်း၊ ယာဉ်လိုက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်ထွဋ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဥပဒေနှင့် တရားရေး၊ ကျန်းမာရေးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည်များကို ပညာပေး ဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

● ရှေ့ဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့သည် မေ၇ရက်က ကွင်းဆင်းလေ့လာခဲ့ရာ တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးကိုကိုနိုင်၊ဦးစီးအရာရှိ(စက်မှု)ဦးမြင့်ခိုင်တို့က သိလိုသမျှလိုက်လံရှင်းလင်း ပြောပြကြသည်။

ကညင်ရေလှောင်တမံ စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြင့် အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာ ဧက၂၅၀၀၀ခန့်ကို ဆည်

“ကညင်ရေလှောင်တမံရဲ့ အောက်ခံမြေသား ခိုင်မာစေရန် နိုင်ငံခြား သံမဏိပြားများကို ရိုက်သွင်းပေးထားရပါတယ်”

ဦးကိုကိုနိုင်
ဦးစီးအရာရှိ(မြို့ပြ)
ကုန်းကျောတမံတာဝန်ခံ။

ရေပေးဝေစိုက်ပျိုးနိုင်ပြီးဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုရန်ရည်ရွယ်လျက်၁၉၇၇ခုနှစ်တွင် Japan International Cooperation Agency (JICA)မှ စူးစမ်းလေ့လာမှုများ စတင်ဆောင်ရွက်ခဲ့သည်။ ဇလဗေဒ တိုင်းတာခြင်းလုပ်ငန်းများကို ၁၉၇၉ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးနောက် အထူးစီမံကိန်း အကောင်အထည်ဖော်ရေး အဖွဲ့၏ ၂၃-၇-၂၀၀၂ရက်တွင် ကျင်းပခဲ့သည့် အမှတ်စဉ်(၂/၂၀၀၂)အကြိမ်မြောက် အစည်းအဝေးမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းလေ့လာ

ကညင်ရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၉)မှ တာဝန်ယူ၍ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်တွင်တည်ဆောက်နေခြင်းဖြစ်သည်။

ကွန်ကရစ်နံရံ

ကညင်ရေလှောင်တမံ စီမံကိန်း အကြို တည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ကညင်ရေလှောင်တမံ စီမံကိန်း၏ ရေစီမံ့တားကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။ ကညင်ရေလှောင်တမံတွင် တမံကိုယ်ထည်အတွင်းရောက်လျက်ရှိသည့် အောက်ခြေမြေသား၏ ဝန်ဖိခံနိုင်အား သိရှိနိုင်ရန်နှင့် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်နိုင်ရန် ဘူမိဗေဒအဖွဲ့မှ ခံဝန်နှုန်းစမ်းသပ်တွင်းများ တူးဖော်စမ်းသပ်ခဲ့သည်။ စမ်းသပ်သည့် ဧရိယာမှာ ကညင်ချောင်း၏ လက်ယာဘက်တွင်ရှိပြီး နှစ်စဉ် ရေလွှမ်းခံရသည့်အပိုင်း ဖြစ်သည်။

စတင်ဆောင်ရွက်

စမ်းသပ်မှုများအရ ချောင်းဝဲဘက်ပိုင်းတွင် (Gravel Layer)ရောက်သည်အထိလည်းကောင်း၊ လက်ယာဘက်တွင် (Bed Rock) သို့ရောက်သည်အထိလည်းကောင်း၊ ဖယ်ရှား၍ (Seleeted Borrow Soil)ဖြင့် စနစ်တကျ ပြန်လည်ဖို့ ကြိတ်ရန်လိုအပ်ကြောင်း တွေ့ရှိသောကြောင့် ပျမ်းမျှ အနက်ပေ ၄၀နှင့် လုပ်ငန်းပမာဏ၂၅၀၀၀၀ကျင်းကိုဆောင်ရွက်ရန် လိုအပ်သဖြင့် ယင်းလုပ်ငန်းများကို စတင် ဆောင်ရွက်လျက်ရှိသည်။

ကညင်ရေလှောင်တမံ စီမံကိန်း ဒေသတွင် နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၇၉လက်မ ရွာသွန်းခဲ့ပြီး နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧကပေ ၂၇၃၀၀၀ ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့်၁၉၄ပေ၊အလျား ပင်မတမံပေ ၃၇၅၀၊ ကုန်းကျော တမံပေ ၂၈၅၀ဖြစ်သည်။ ကန်ရေ ပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၁၄၈၈၀၀၊ ရေသေ ရေလှောင်ပမာဏ ဧကပေ၁၃၇၀၀နှင့်ကန်ရေပြည့်ရေပြင်ကျယ် ဧက ၁၉၆၀ ရှိမည်ဖြစ်သည်။

တည်ဆောက်

ကညင်ရေလှောင်တမံကို ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ ရန်ကုန်မြို့မှ အင်္ဂပူသို့ မိုင် ၁၅၀ကွာဝေး၍ အင်္ဂပူမြို့၊ ပုသိမ်-မုံရွာလမ်းမကြီးမှ လေးမိုင်ကွာ ကညင်ရေလှောင်တမံ စီမံကိန်းသို့ သွားရောက်နိုင်သည်။

ရေပေးဝေရေး

ဆည်မြောင်းဦးစီးဌာနမှ ဧရာဝတီမြစ် အနောက်ဘက်တွင်ရှိဒေသများတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေအခက်အခဲမရှိစေရန်အတွက် ရေလှောင်တမံ ရှစ်ခုကို တည်ဆောက်ပေးခဲ့သည်။

“ကညင်ရေလှောင်တမံဟာ ၂၀၁၀-၂၀၁၁ခုနှစ်မှာ သတ်မှတ်လျာထားချက်အတိုင်း ပြီးစီးမှာဖြစ်ပါတယ်”

ဦးအောင်ကျော်တင်
ဦးစီးအရာရှိ(မြို့ပြ)
ရေပိုလွှဲတာဝန်ခံ။

၄င်းတို့မှာ ပထမဖြစ်သည့်ညောင်ကိုင်းရေလှောင်တမံကို ပဲခူးတိုင်း ပန်းတောင်းမြို့နယ်တွင်ဖြစ်၍ စိုက်ပျိုးရေးအတွက် အကျိုးပြု ဧရိယာဧက ၃၀၀၀ဖြစ်သည်။ ဒုတိယမှာ ကျီးပင် ရေလှောင်တမံဖြစ်ပြီး ပဲခူးတိုင်း ပန်းတောင်းမြို့နယ်တွင်ရှိပြီး ရေပေးဝေရေးအတွက် ဖြစ်သည်။ တတိယဖြစ်သော တောင်မောက်ရေလှောင် တမံမှာပဲခူးတိုင်း ပန်းတောင်းမြို့နယ်၌ရှိပြီး ရေပေးဝေရေးအတွက် ဖြစ်သည်။

အကျိုးပြုနေ

စတုတ္ထရေလှောင်တမံမှာနန်ကသူရေလှောင်တမံဖြစ်၍ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် လယ်ဧက ၁၄၀၀၀ကို ရေပေးဝေ၍ ပဥ္စမရေလှောင်တမံမှာ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်တွင်ရှိသော ခဝါရေလှောင်တမံဖြစ်ပြီး လယ်ဧက ၂၀၀၀ကို အကျိုးပြုလျက်ရှိသည်။ ဆဋ္ဌမရေလှောင်တမံမှာ ကွန်ချောင်းရေလှောင်တမံဖြစ်၍ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်တွင်ရှိပြီး အကျိုးပြုဧရိယာ ဧက ၂၀၀၀၀ကို အကျိုးပြုလျက် ရှိသည်။ သတ္တမရေလှောင်တမံမှာမဒေးရေလှောင်တမံဖြစ်ပြီး မကွေးတိုင်း ကံမမြို့နယ်တွင်ရှိ၍ စိုက်ပျိုးဧက ၄၀၀၀ကို ရေပေးလျက်ရှိသည်။ ဆဋ္ဌမ အကျိုးပြုရေလှောင်တမံမှာ မပြေရေလှောင်တမံဖြစ်၍ ဧရာဝတီတိုင်းမြန်အောင်မြို့နယ်တွင်ရှိပြီး အကျိုးပြုဧရိယာဧက၁၀၀၀၀သို့ ရေဝေလျက်ရှိသည်။ ဖော်ပြပါ ရေလှောင်တမံများမှာ စိုက်ပျိုးရေအတွက် ဧက ၅၀၀၀၀သို့ အကျိုးပြုလျက်ရှိနေပေပြီ။

“ကညင်ရေလှောင်တမံကို စက်ယန္တရားကြီး၄၆စီး၊ဝန်ထမ်းအင်အား ၁၀၀နဲ့ နေ့ရောညပါ အင်တိုက်အားတိုက် တည်ဆောက်နေပါတယ်”

ဦးမြင့်ခိုင်
ဦးစီးအရာရှိ(စက်မှု)
တည်ဆောက်ရေး(၉)။

လုပ်ငန်းပမာဏ

ကညင်ရေလှောင်တမံကို တည်ဆောက်ရာတွင် အဓိကဖြစ်သော ကုန်းကျောတမံ တည်ဆောက်ရေး တာဝန်ခံ ဦးစီးအရာရှိ ဦးကိုကိုနိုင်အား လုပ်ငန်းအခြေအနေနှင့် ပတ်သက်၍ မေးမြန်းရာတွင် “ကညင်ရေလှောင် တမံ တည်ဆောက်ရာတွင် ပင်မတမံ တည်ဆောက်မည့်နေရာ ချောင်းပိုင်းရှိ အောက်ခံမြေသားတွင်သဲကျောက်စရစ် ဖြစ်ပေါ်နေ၍ တမံအောက်ခံ အုတ်မြစ်လုပ်ငန်းအနေဖြင့် အလျား ၅၇၁ပေ၊ ပျမ်းမျှအနက် ၃၁ဒသမ၁၇ပေရှိသော ရေစိမ့်တား ကွန်ကရစ်နံရံ တည်ဆောက်

ရေပိုလွှဲ

အလျား၉၉၁ပေ၊ အကျယ် ပေ ၂၅၀ရှိ ကညင်ရေလှောင်တမံ၏ ရေပိုလွှဲကို ဤသို့ စက်ယန္တရားများဖြင့် တည်ဆောက်နေသည်။

(မြန်မာ့အလင်း)

ကွန်ကရစ်လုပ်ငန်းတို့ လုပ်ဆောင်ရာတွင် တောရှင်းခြင်း ၃၃ရာခိုင်နှုန်း၊ မြေကြီးလုပ်ငန်း ၄၃ ရာခိုင်နှုန်း၊ ကွန်ကရစ် လုပ်ငန်း ၄၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတ်မှတ်လျာထားသည့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် လုံးဝပြီးစီးမည် ဖြစ်ပါကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကညင်ရေလှောင်တမံ စီမံကိန်း အကြို တည်ဆောက်မှုလုပ်ငန်းများကို ၂၀၀၂-၂၀၀၃ခုနှစ်တွင် စတင်ခဲ့ပြီး တမံမြေကြီး လုပ်ငန်းကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းပမာဏကြီးမားလှရာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ပြီးစီးရန် လျာထားသတ်မှတ်ထားသည်။ ကညင်ရေလှောင်တမံ တည်ဆောက်ပေးခြင်း ရကြောင်း၊ အောက်ခံမြေသားခိုင်မာစေရန်အတွက် နိုင်ငံခြားသံမဏိပြားများကို ရိုက်သွင်းထားရကြောင်း၊ မြေအောက် ပျမ်းမျှ အနက်ပေ ၄၀နှင့် လုပ်ငန်းပမာဏ ၂၅၀၀၀၀ ကျင်းကို ဆောင်ရွက်လျက် ရှိကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

စက်ယန္တရားများဖြင့်ဆောင်ရွက်

အင်္ဂပူမြို့၌ ကညင်ရေလှောင်တမံစီမံကိန်း၏ တမံအောက်ခြေ ရှင်းလင်းခြင်း၊ သပ်ကျင်းတူးဖော်ခြင်းစသော တမံမြေကြီးလုပ်ငန်းများကို ဤသို့ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

အရှိန်အဟုန်မပျက်

စက်မှုဦးစီးအရာရှိ ဦးမြင့်ခိုင်အား တွေ့ဆုံမေးမြန်းရာတွင် “ယန္တရားကြီးများဖြင့် လုပ်ကိုင်ရာတွင် မြေဖို့ မြေသိပ် စက်ကြီး ၄၆စီး၊ ဝန်ထမ်း ၁၀၀နှင့် နေ့ရောညပါ ဆောင်ရွက်နေကြောင်း၊ စက်ယန္တရားကြီးများကို လုပ်ငန်းမပျက် ဆောင်ရွက်နိုင်ရန် ထာဝစဉ်ကြီးကြပ် ကြပ်မတ်ဆောင်ရွက်ကြောင်း၊ စက်ကြီးများ ပြင်ဆင်ခြင်းကို လုပ်ငန်းခွင်တွင် အချိန်မီပြီးအောင် ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းအရှိန်အဟုန်မပျက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း” ဖြင့် ကြားသိရသည်။

ပြီးစီးမှု

ရေပိုလွှဲလုပ်ငန်းတာဝန်ခံဦးအောင်ကျော်တင် (ဦးစီးအရာရှိ-မြို့ပြ)က “တောရှင်းခြင်း၊ မြေကြီးလုပ်ငန်းနှင့်

တည်ဆောက်ပြီးစီးနေသော ပင်မတမံ

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကညင်ရေလှောင်တမံ၏ တည်ဆောက်ပြီးဖြစ်သော ပင်မတမံပိုင်းကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

ကညင်ရေလှောင်တမံစီမံကိန်း

တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့် ၁၉၄ပေ၊ အလျား ပင်မတမံ ပေ ၃၇၅၀၊ ကုန်းကျော တမံ ပေ ၂၈၅၀ဖြစ်၊ ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၁၄၈၈၀၀၊ ရေသေရေလှောင်ပမာဏ ဧကပေ ၁၃၇၀၀နှင့် ကန်ရေပြည့်ရေပြင်ကျယ် ဧကပေ ၁၉၆၀ ရှိမည်ဖြစ်။

စိုက်ပျိုးရေယာဧက ၂၅၀၀၀ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်။

၂၀၀၂-၂၀၀၃ခုနှစ်တွင် စတင်ခဲ့ပြီး တမံမြေကြီး လုပ်ငန်းကို ၂၀၀၇-၂၀၀၈ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းပမာဏကြီးမားလှရာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ပြီးစီးရန် လျာထားသတ်မှတ်ထားသည်။ ကညင်ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် စုစုပေါင်း စိုက်ပျိုးဧရိယာ ဧက ၂၅၀၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။

အကုန်အကျခံတည်ဆောက်

မြစ်ဝကျွန်းပေါ် ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးသီးနှံများအောင်မြင် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ၍ လုပ်ငန်းခွင် အခက်အခဲများ၊သဘာဝအတားအဆီးများကို ကျော်လွှားလျက် တည်ဆောက်ပေးလျက်ရှိရာ ဌာနကညင် ရေလှောင်တမံကြီးကြောင့် ဧရာဝတီတိုင်းအလှသည် ပို၍ လှပဝေဆာလာမည်မှာအမှန်ပင်....။ ။

(မြန်မာ့အလင်း)

ရေစိမ့်တားနံရံ တည်ဆောက်ပြီးစီးမှု

အင်္ဂပူမြို့နယ် ကညင်ရေလှောင်တမံရေစိမ့်တားနံရံ တည်ဆောက် ပြီးစီးမှုကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Md Golam Mostafa၊ စစ်သံမှူး Brig-Gen, A.N.M Shawkat Jarnal, ndc, psc နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇဖားရှားဂူဗိမာန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၅-၂၀၀၉ ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ စစ်တောင်းတံတား(မုပွလင်)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ **မမြင်ကွယ်ရာ** မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မတူး (ဒါရိုက်တာ-မောင်မောင်မြင့်)
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ **အားနာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇေရာ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၅၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ချဲ့
၅း၀၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၈။ တေးဂီတအစီအစဉ်
၅း၄၅ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
၇း၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၆)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၇)
၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်၊မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ရဟန်းဘာကြောင့်ပြုရတယ်** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၆း၄၅ သမိုင်းဝင်ရှင်ကိုးရှင်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၅)
၈း၃၀ Sunday Talk
၉း၀၅ စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ) (အပိုင်း-၂)
၉း၃၀ **နတ်လူသာခုခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၉း၅၀ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
၁၀း၀၅ မြန်မာ့လက်မှုယွန်းအနုပညာ
၁၀း၃၀ အင်တာနက်လမ်းညွှန် (Star Net Internet)
၁၀း၄၅ ဂီတပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-စည်သူလွင်)
၁၁း၁၅ မြန်မာပြည်ခရီးစဉ် (ငွေဆောင်ခရီးစဉ်)
၁၁း၃၀ သင်ကြားရေးလမ်းညွှန် [(YAG)ပန်းချီသင်တန်းကျောင်း]
၁၁း၅၅ တိုင်းရင်းဆေးကို ဂုဏ်မြှင့်စေမည့် Ph.D
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၃၀ ချည်ခင်ချည်မျှင် ပိတ်စအသွင်
၁း၀၀ **ရဟန်းဘာကြောင့်ပြုရတယ်** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၁း၄၅ သမိုင်းဝင်ရှင်ကိုးရှင်
၂း၀၀ MRTV-4 သတင်း
၂း၃၀ Fashion Music Festival (DJ)
၃း၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ကမ္ဘာ့အသည်းရောင်အမှတ်တရနေ့) (ပါမောက္ခဒေါက်တာ ဦးသံစစ်၊ ဒေါက်တာဖြူဖြူကျော်သိန်း၊ ဒေါက်တာချစ်သုဝေ)
၃း၄၀ Shotting Location (ဘဝတံခွန်)
၃း၅၅ Activities in the City (LG Health Launching New Products Line-Up)
၄း၀၅ သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြင့်အဝေမ်းမီးဖို ထုတ်လုပ်ရာ
၄း၂၀ တေးဂီတအစီအစဉ်
၄း၃၅ Say it in English
၄း၅၀ မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၅း၀၅ Cartoon Show Time (Meet The Robinsons)
၅း၃၀ Sports World (Delta United F.C အသင်း မိတ်ဆက်ပွဲ)
၆း၀၀ MRTV-4 သတင်း
၆း၁၅ Fashion Music Festival (DJ)
၆း၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၇း၀၀ Worlds of Knowledge (Akashi Kaikyo Bridge)
၇း၄၅ မြန်မာပြည်ခရီးစဉ် (ငွေဆောင်ခရီးစဉ်)
၈း၀၀ MRTV-4 သတင်း
၈း၁၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
၈း၃၀ ဂီတပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-စည်သူလွင်)
၉း၀၀ Sports World (Delta United F.C အသင်း မိတ်ဆက်ပွဲ)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၅)
၁၀း၀၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
၁၁း၄၅ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
၁၂း၀၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၂း၀၅ တိုင်းရင်းဆေးကို ဂုဏ်မြှင့်စေမည့် Ph.D
၁၂း၂၅ **နတ်လူသာခုခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၂း၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယဉ်ကျေးလိမ္မာသင်တန်း နောင်ချို၌ ဖွင့်လှစ်

နောင်ချို မေ ၁၈

နောင်ချိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂ရက် နံနက် ၉နာရီက အားမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလ ၂၃ရက် ကြာမြင့်မည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့ မဟာနန္ဒာကန် သန့်ရှင်းသာယာလှပရေး တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မေ ၂၉ရက် ညနေပိုင်းတွင် ရွှေဘိုမြို့ မဟာနန္ဒာကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ မဟာနန္ဒာကန် ယာယီရှင်းလင်းဆောင်ခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တိုင်းညွှန်ကြားရေးမှူးက မဟာနန္ဒာကန် သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သဲနုန်း

ထို့နောက် တိုင်းမှူးသည် မဟာနန္ဒာကန် ကန်ပတ်လမ်းတာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကန်အတွင်း စက်ယန္တရားအသုံးပြု၍ သဲနုန်းများတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ) (သတင်းစဉ်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ဇလုပ်ကြီး- ကန့်ဘလူ ချောင်းကူးတံတား ဆောက်လုပ်ခြင်းလုပ်ငန်း (၂၅၀×၁၂×၃၂)ပေကို မေ ၂၈ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာ ဦးဇော်သက်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိရာဌာန
၁။	ကြောင်နက်အမှတ်တံဆိပ် အပူငြိမ်းအကြောဖြေ၊ အကြောအားတိုးဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၂။	ကြာငါးခိုင်အမှတ်တံဆိပ် ရေစင်သွေးဆေး	ကြာငါးခိုင်ဆေးတိုက် အမှတ် ၇၉၊ နမ့်ယင်း၊ မိုးကောင်းမြို့
၃။	ဂျိုးဖြူတံဆိပ် ကချင်သွေးအားတိုးဆေးကြီး	ဂျိုးဖြူဆေးဝါးလုပ်ငန်း မြစ်ကြီးနားမြို့
၄။	တူတံဇဉ်အမှတ်တံဆိပ် ၂ မိနစ်အပူကျ၊ ဖျားနာ၊ အကိုက်အခဲပျောက်ဆေးမှုန့်	တူတံဇဉ်ဆေးဝါးထုတ်လုပ်ရေး
၅။	သမားတော် အစာကြေလေပုပ်ထုတ်ဆေး	သမားတော်ဆေးတိုက် ဈေးအတွင်း၊ မိုးကောင်းမြို့
၆။	ကျော်အမှတ်တံဆိပ် ပန်းနာရင်ကျပ်ပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၇။	ကလေးသခင်ဆေးဘုရင်	ငွေစပယ်ဆေးတိုက် စံပြကွက်သစ်၊ နမ္မားမြို့၊ ကချင်ပြည်နယ်
၈။	ရွှေလရောင်အမှတ်တံဆိပ် ငါးမျိုးစပ်သူငယ်နာပေါင်းချုပ်ဆေးကြီး	သမားတော်ဆေးတိုက် ဈေးအတွင်း၊ မိုးကောင်းမြို့
၉။	အမျိုးသမီးများအတွက် မီးယပ်ဆေးကြီး	ဘဝသစ်ဆေးတိုက် အမှတ် ၁၅၅၊ ဒူကထောင်ရပ်၊ မြစ်ကြီးနားမြို့
၁၀။	မီးယပ်သွေးဆေးကြီး	လိပ်စာဖော်ပြထားခြင်းမရှိ
၁၁။	ဒူးလေး အစာအိမ်လေနိုင်ဆေး	ဝါညားဆေးတိုက် အမှတ် ၁၀၅၊ ရပ်ကွက်(၃)မြို့မ၊ဝိုင်းမော်မြို့
၁၂။	ချွဲကြေလိမ်းဆေး	ရွှေဂုဏ်ဝင်းဆေးတိုက် စမ်းချောင်းရပ်၊ ရန်ကုန်မြို့
၁၃။	ကြာငါးခိုင်အမှတ်တံဆိပ် သွေးညှိဆေး	အမှတ် ၇၉၊ နမ့်ယင်း၊ မိုးကောင်းမြို့
၁၄။	ယောလေးပါး လေနိုင်အစာကြေလျက်စား	ယောလေးပါးဆေးတိုက် အမှတ် ၃၆၊ ၁၂ ရပ်ကွက်၊ သစ္စာလမ်း၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
၁၅။	စိန်သော့တံဆိပ် အကိုက်အခဲပျောက်ဆေးမှုန့်	စိန်သော့ဆေးဝါးထုတ်လုပ်ရေး ၃၇(က)၊ လမ်း ၂၀၊ လသာမြို့နယ်၊ရန်ကုန်မြို့
၁၆။	သွေးတိုးကျဆေး	လိပ်စာဖော်ပြထားခြင်းမရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၁၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၆၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဖြန့်ချိ

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ပြည်ပရောက် မြန်မာ့ရွှေကျောင်းတော် ပြာသာဒ်ကြီး၊ အကယ်ဒမီ နန္ဒာလှိုင် သမီးလေးမွေးဖွား၊ မြန်မာ့ရာဝင်စဉ့်အိုးကြီးများကို အာရှနှင့် ဥရောပသို့ လစဉ်တင်ပို့နေ၊ အပျိုကြီး လူပျိုကြီးဖြစ်ရခြင်း အကြောင်းရင်းကို သုတေသနပြု၍ မြန်မာနိုင်ငံမှ ပထမဆုံး အမျိုးသမီး နက္ခတ်ဗေဒင်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိ၊ မြန်မာ့ပထမဆုံး ဂေါက်ကွင်းတွင် အသင်းဝင်ထားလျှင် အင်္ဂလန်၌လည်း ကစားနိုင်၊ မင်္ဂလာအခါပေး ဗေဒင်ပြက္ခဒိန်ကို လက်ကိုင်ဖုန်း၌ ထည့်သွင်းအသုံးပြုနိုင်၊ ကွင်းလုံးပြည့်အားပေးခဲ့ကြသည့် မြန်မာနေရှင်နယ်လိဂ်ဖွင့်ပွဲ၊ မြန်မာနိုင်ငံရှိ မြို့ကြီးများ၏ အသေးစိတ်မြေပုံများကို လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုမှုများလာ၊ နည်းပြဆရာများတွင် ဦးတင်ဟန်က လစာကျပ် ၁၂သိန်းရ၍ စံချိန်တင်၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ဘယ်အသင်းဗိုလ်စွဲမလဲ၊ ပြင်သစ်မှာ ဘရစ်တနီစပီးယားစ်နှင့် မက်ဒေါနားတို့ကို ကိုယ်တိုင်တွေ့ရတော့မည့် ဖြူဖြူကျော်သိန်း၊ စာရေးဆရာမ ပုညခင်၏ မင်္ဂလာဧည့်ခံပွဲတွင် ဝတ်မှုံရွှေရည်က ပန်းကြဲ၍ နေနွယ်ဇင်မြင့်က ပန်းကုံးစွပ်၊ မြန်မာနေရှင်နယ်လိဂ်တွင် အာဂျင်တီးနား၊ အိုင်ဗရီကို့စ်နှင့် ကင်မရွန်းတို့လည်း အားပြိုင်ကြမည်။ ၂၃နှစ်ကြာ သိုးမွေးထိုးခဲ့ပြီး ရွာတစ်ရွာလုံးကို ဖန်တီး၊ သံသေတ္တာကြီး လေယာဉ်အင်ဂျင်ထဲဝင်သွားသောကြောင့် လေယာဉ်ခရီးစဉ်ရွှေ့ဆိုင်းခဲ့ရ၊ ဘတ်စကက်ဘောလုံးများကို အာကာသသို့ ယူဆောင်သွား၊ ၅၆နှစ်ကြာမှ ကလေးချင်းမှားခဲ့ကြောင်း အဖြစ်မှန်ကို သိရ၊ အမြွာပူးရွာ၌ အမြွာပူးအစုံ ၂၂၀ကျော်ရှိ၊ ခွေးကတောင် ခြင်္သေ့ကြီးကို တိုက်ခိုက်ပြီး သခင်၏အသက်ကို ကယ်ခဲ့၊ အိန္ဒိယနိုင်ငံရွေးကောက်ပွဲ၌ ကွန်ဂရက်ပါတီ အနိုင်ရရှိ၊ A/H1N1 တုပ်ကွေးဖြစ်ပွားမှု မြင့်တက်လာ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားတို့တွင်လည်း ဖြစ်ပွား၊ သီရိလင်္ကာတွင် တမီးလ်ကျားသူပုန်များကို အပြီးသတ်နှိမ်နင်းနိုင်ပြီး ၂၆နှစ်ကြာခဲ့သည့် ပြည်တွင်းစစ်ပြီးဆုံး၊ အင်ဒိုနီးရှားသမ္မတရွေးပွဲ၌ လက်ရှိသမ္မတ အခြေအနေကောင်း"...စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

စာနယ်ဇင်းပညာသင်တန်း (၂/၂၀၀၉) ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၂/၂၀၀၉)ကို ဇွန် တတိယပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လခွဲ (ခြောက်ပတ်)ခန့် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းချိန်ကို နံနက် ၈နာရီခွဲမှ ၁၁နာရီခွဲအထိ သတ်မှတ်ထားပြီး သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်း အနည်းဆုံး တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။ ရာထူးတာဝန် အနိမ့်ဆုံး သတင်းထောက်ဖြစ်၍ သတင်းလုပ်ငန်း အတွေ့အကြုံ နှစ်နှစ်ရှိပြီးသူ ဖြစ်ရမည်။

ထောက်ခံချက်

သင်တန်းကြေးမှာ ငွေကျပ် သုံးသောင်းဖြစ်၍ အသက်(၂၀)မှ (၃၅)နှစ်အတွင်း ရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များ၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အယ်ဒီတာချုပ်၏ ထောက်ခံချက်ပါရှိရမည်။

နောက်ဆုံးထား

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဖြည့်စွက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) (ဒုတိယထပ်) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့သို့ ဇွန် ၅ရက် ညနေ ၄နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံများကို ဖော်ပြပါရုံး၌ ရုံးချိန်အတွင်း တောင်းယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လေ့ကျင့်ခန်း မပြုလုပ်သည့် အမျိုးသမီးများ ရင်သားကင်ဆာဖြစ်ပွားရန် အလားအလာရှိ

ဟင်းသီးဟင်းရွက်ကို စားသုံးမှုနည်းပါးပြီး ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်သည့် အမျိုးသမီးများသည် အရွယ်ရောက်လာသည့်အခါ ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းများကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ကိုယ်လက်လေ့ကျင့်ခန်း

ရင်သားကင်ဆာဖြစ်ပွားသူ အမျိုးသမီး ၁၁၄၆ဦးကို စစ်ဆေးသုတေသနပြုသည့်အခါ ဇဝရာခိုင်နှုန်းသော အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်စားသုံးမှုနည်းပြီး ကိုယ်လက်လေ့ကျင့်ခန်း မပြုလုပ်ကြသူများဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အသီးအရွက်

အသီးအရွက်များမှရရှိသော ဓာတ်များသည် သွေးထဲတွင် ကိုလက်စထရောများပြားနေမှုကို လျှော့ချပေးနိုင်သည့်အပြင် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးသူ အမျိုးသမီးများအနေဖြင့် သွေးထဲတွင် အဆီပိုဖြစ်မှုများကို ဖယ်ရှားသန့်စင်ပေးနိုင်ကြောင်း သိရသည်။

လေ့ကျင့်ခန်း

ထို့ကြောင့် အမျိုးသမီးများအနေဖြင့် အသီးအရွက် များများစားပြီး ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တန့်ယန်းမြို့နယ် ကျေးလက်မြေသားလမ်း ဖောက်လုပ်

တန့်ယန်း မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် တန့်ယန်း-တိုတာကျေးလက်မြေသားလမ်း နှစ်မိုင်ဖောက်လုပ်မှုကို တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူရဲ့ တစ်ရာသီ ဆုနှစ်ဆုပိုင်ရှင် ဗီဒစ်

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

လန်ဒန် မေ ၁၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ဖလားကို မန်ယူအသင်း ဆွတ်ခူးသွားပြီးတဲ့နောက် မန်ယူအသင်းအတွက် တစ်နှစ်တာအတွင်း ထူးချွန်ပြောင်မြောက်စွာ ကစားခဲ့ကြတဲ့ ဘောလုံးသမားတွေကို ရွေးချယ်ဆုချီးမြှင့်ပွဲကို မေ ၁၈ရက်က ပြုလုပ်တဲ့အခါ မန်ယူနောက်ခံလူ ဗီဒစ်က နှစ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဗီဒစ်ရရှိခဲ့တဲ့ ဆုတွေကတော့ မန်ယူ ဘောလုံးသမားတွေက ရွေးချယ်ခဲ့တဲ့ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုနဲ့ မန်ယူပရိသတ်တွေက ဆန္ဒမဲပေးရွေးချယ်ခဲ့တဲ့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုတွေပဲ ဖြစ်ပါတယ်။

ဒီဆုတွေကို လက်ခံရရှိပြီးတဲ့နောက် ဗီဒစ်က ''ကျွန်တော့်ဘဝအတွက် ဂုဏ်ယူဝမ်းမြောက်ရတဲ့ နေ့ပါပဲ၊ တကယ်ဆိုရင် ကျွန်တော့်ထက် ပိုထိုက်တန်တဲ့ မန်ယူဘောလုံးသမားတွေ အများကြီးရှိပါတယ်။ မန်ယူအသင်းမှာ သုံးနှစ်ကစားခဲ့တဲ့အချိန်အတွင်းမှာ ပထမဆုံးရရှိတဲ့ ဆုတွေဖြစ်တာမို့ အတိုင်းမသိ ဝမ်းမြောက်ရပါတယ်'' လို့ ပြောကြားခဲ့ပါတယ်။

အသက် ၂၇နှစ်ရှိပြီဖြစ်တဲ့ဗီဒစ်ဟာ ဆားဗီးယားနဲ့ မွန်တီနီဂရိုးနိုင်ငံရဲ့ ဆားဗီးယားဒေသ အူဇစ်မြို့ဇာတိဖြစ်ပြီး ၁၉၈၁ခုနှစ် အောက်တိုဘာ ၂၁ရက်မှာ မွေးဖွားခဲ့သူဖြစ်ပါတယ်။

ဟန်ချက်ညီညီ

၂၀၀၆ခုနှစ် ဇန်နဝါရီမှာ စပါးတပ်မော်စကိုအသင်းကနေပြီး ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းနဲ့ မန်ယူအသင်းကို ရောက်ရှိလာတာဖြစ်ပါတယ်။ ဗီဒစ်ဟာ မန်ယူဗဟိုခံစစ်မှူး ဖာဒီနန်နဲ့ အချိန်တိုအတွင်းမှာ ဟန်ချက်ညီညီ တွဲဖက်ကစားနိုင်ခဲ့လို့ မန်ယူကလပ်ရဲ့ ပထမဦးစားပေး ပွဲထွက်ကစားသမားဖြစ်လာပါတယ်။

ဗီဒစ်အနေနဲ့ မန်ယူကလပ်နဲ့အတူ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဘောလုံးပွဲ ၂၅ပွဲ ပါဝင်ကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်မှာလည်း တစ်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ စုစုပေါင်း လေးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ပရီမီယာလိဂ် ၃၂ပွဲ ပါဝင်ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာတော့ ဗီဒစ်ဟာ ပရီမီယာလိဂ် ၃၃ပွဲ ပါဝင်ကစားပေးခဲ့ပြီး လေးဂိုး သွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်တဲ့ အင်တာမီလန်နဲ့ ပွဲမှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ နောက်တန်းကစားသမားတစ်ဦးအနေနဲ့ ငါးဂိုးအထိ သွင်းယူပေးနိုင်တာဟာ ဂိုးသွင်းစွမ်းရည် ထက်မြက်တယ်လို့ ပရိသတ်တွေက ထင်မြင်ချက်ပေးကြပါတယ်။ ဗီဒစ်ဟာ နောက်တန်း ခံစစ်မှူးတစ်ဦးအနေနဲ့ အမှားအယွင်းတွေ လုပ်ခဲ့တာရှိပေမယ့် မန်ယူအသင်း သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရေးမှာ အရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ဆန္ဒပြုရွေးချယ်

ဒါ့အပြင် မန်ယူအသင်းကို နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလား ရယူနိုင်ရေးအတွက် နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ပေးထားနိုင်သူတစ်ဦးဖြစ်တာမို့ မန်ယူဘောလုံးသမားတွေနဲ့ မန်ယူပရိသတ်တွေက အခုလို ဆန္ဒပြုရွေးချယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။ **(အင်တာနက်)**

ဗီဒစ်၏ အောင်မြင်မှုအပြုံး

မန်ယူတွင် သုံးနှစ်ကစားချိန်အတွင်း ပထမဆုံး ဆုတံဆိပ်များ ချီးမြှင့်ခံရသည့် နောက်ခံလူ ဗီဒစ်၏ အောင်မြင်မှုအပြုံး။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည် -

အဘိဓမ္မာစာမေးပွဲ

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၃ ဌာနတို့၌ ဖြေဆိုသူ ၁၉၁၂၀၊ အောင်မြင်သူ ၁၀၄၉၀၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၈၅၂ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံးပထမ ခုံအမှတ်-၁၃၅ မောင်ဝင်းထွဋ် ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၁၇ မောင်မိုးညီဇော်လှအောင် နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်း၊ တစ်ပြည်လုံးတတိယ ခုံအမှတ်-၁၆ မောင်ယော့မ်ဟုန်းထန်း နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်း။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၆ ဌာနတို့၌ ဖြေဆိုသူ ၈၄၉၇ဦး၊ အောင်မြင်သူ ၂၈၂၈ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၆၆၅ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံးပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်-၇၁ မောင်ကျော်ခင်လင်း ဒဂုံမြို့သစ်ဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၇၄ မောင်ထန်းကီး ဒဂုံမြို့သစ်ဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး တတိယ ခုံအမှတ်-၉၀ မောင်ကျော်ဦး ဒဂုံမြို့သစ်ဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ရန်ကုန်တိုင်း။

ဝိသုဒ္ဓိမဂ်စာမေးပွဲ

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၇ဌာနတို့၌ ဖြေဆိုသူ ၂၃၆၄ဦး၊ အောင်မြင်သူ ၁၁၅၁ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ ၁၄၉ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်-၁ ဒေါ်နိုင်နိုင်မော် တာမွေစာဖြေဌာန တာမွေမြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၄ မတင်တင်မြင့် ခမောက်စုစာဖြေဌာန လေးမျက်နှာမြို့နယ် ဧရာဝတီတိုင်း၊ တစ်ပြည်လုံး တတိယ ခုံအမှတ်-၄ မစန္ဒမာလာ ပွင့်တန်ဆာစာဖြေဌာန ပွင့်တန်ဆာမြို့ ပဲခူးတိုင်းတို့ဖြစ်ကြသည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်း သာသနာရေးရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုန်း ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်

လန်ဒန် မေ ၁၈

စပါး ကွင်းလယ်ကစားသမား တွမ်ဟတ်ဒယ်လ်စတုန်း(**ယာပုံ**)သည် ၎င်း၏ ဘယ်ဘက်ဒူးဒဏ်ရာကို ခွဲစိတ်ကုသရမည်ဖြစ်သဖြင့် ကြံ့ခိုင်မှု ပြည့်ဝစွာဖြင့် ယခုနွေရာသီတွင် အသက် ၂၁နှစ်အောက် လူငယ်ဥရောပဖလားပြိုင်ပွဲတွင် အင်္ဂလန် ၂၁နှစ်အောက် လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်နိုင်ရေး မသေချာကြောင်း သတင်း၌ ဖော်ပြသည်။

နောက်ဆုံးပွဲ

စတုန်းသည် လွန်ခဲ့သောလအနည်းငယ်က သာမန်ဒဏ်ရာရခဲ့သည်ဟု ယူဆခဲ့သော်လည်း ယခုအခါ ခွဲစိတ်ကုသရမည်ဖြစ်သည့်အတွက် စပါးအသင်း၏ယခုနှစ် ပရီမီယာလိဂ်ရာသီ နောက်ဆုံးပွဲများနှင့် လွဲချော်ဖွယ်ရှိသည်။

ယင်းခွဲစိတ်ကုသမှုကြောင့် ကွင်းလယ်ကစားသမားစတုန်းအနေဖြင့် လာမည့် မေ ၂၄ရက်၌ လီဗာပူးနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်မရှိကြောင်း ယင်းကလပ်က ထုတ်ပြန်သော သတင်းတစ်ရပ်တွင်ဖော်ပြသည်။

ကြံ့ခိုင်မှု

စပါးနည်းပြ ဟာရီရက်နက်သည် ဆွေမျိုးရင်းချာ ဆုံးပါးခဲ့သော ဝီလ်ဆန်ပလာစီယို့စ်နှင့် ဖျားနာမှုကြောင့် မန်စီးတီးအား အနိုင်ရခဲ့သော ပွဲစဉ်တွင် ချန်ထားခဲ့ရသည့် ဂျာမိန်းဂီး နက်စ်ကို မပါဝင်ဘဲ ရာသီလက်ကျန်ပွဲများကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရက်နက်သည် မန်စီးတီးနှင့် ယှဉ်ပြိုင်ကစားစဉ်က ဒဏ်ရာရခဲ့သော ဗဟိုခံစစ်မှူး ဝုဂိတ်၏ကြံ့ခိုင်မှု ပြည့်ဝလာစေရေးကိုလည်း စောင့်ကြည့်လေ့လာနေရဆဲဖြစ်သည်။ **(အင်တာနက်)**



အမ်ဗာကီအားအမြဲတမ်းစာမချုပ် ဝီဂန်နည်းပြစတိဗ်ဘရုစ် အတည်ပြုပြောကြား

လန်ဒန် မေ ၁၈

အီဂျစ်လက်ရွေးစင် တိုက်စစ်မှူး အမ်ဗာကီ(ယာပုံ)၏ အငှားစာချုပ်ကို အမြဲတမ်းစာချုပ်အဖြစ် ပြောင်းလဲချုပ်ဆိုမည်မဟုတ်ကြောင်း ဝီဂန်နည်းပြ စတိဗ်ဘရုစ်က အတည်ပြုပြောကြားခဲ့သည်။

သွင်းယူ

အသက် ၂၆နှစ်ရှိ အမ်ဗာကီသည် အယ်လ်ဇာမာလက်ခ်အသင်းမှ ဝီဂန်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အဆင်မပြေမှုများဖြင့်စတင်ခဲ့ပြီး ပထမဦးဆုံး ၁၀ပွဲ ကစားရာတွင် ရှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။

အမ်ဗာကီသည် ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် အောက်တိုဘာလလယ်ကတည်းက ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ၎င်း၏ နောက်ဆုံးဂိုးကို ပြီးခဲ့သည့်ဒီဇင်ဘာ၂၈ရက်က သွင်းယူခဲ့သည်။

ဇာကီသည် ဒဏ်ရာများရရှိခဲ့သည်။ သို့သော်လည်း ယင်းသည်ပင်လျှင် ကုန်ကျစရိတ်များမည့် အမြဲတမ်းစာချုပ်ချုပ်ရန် စတိဗ်ဘရုစ်အား နောက်တွန့်စေခဲ့ခြင်းဖြစ်သည်။ ဇာကီသည် အီဂျစ်လက်ရွေးစင်အသင်းအတွက် ပြန်သွားရာမှ ပြန်လာကတည်းက ဝီဂန်အသင်းအတွက် သုံးပွဲသာကစားပေးနိုင်ခဲ့ပြီး လွန်ခဲ့သော သီတင်းတစ်ပတ်ကျော်က ဝက်စ်ဘရွန်းနှင့် ကစားစဉ်က ရရှိခဲ့သော ဒဏ်ရာမှ သက်သာလာပြီး ဝီဂန်၏ ရာသီ နောက်ဆုံးပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်။



ခေါ်ယူ

ရီးရဲမက်ဒရစ်၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့သည် ယခုပရီမီယာလိဂ်ရာသီ စောစောပိုင်းကတည်းက ဇာကီအား ခေါ်ယူရန် ဆက်သွယ်ခဲ့ပြီး ၎င်းကိုယ်တိုင်ကလည်း ယင်းသို့ဆက်သွယ်လာမှုများကို လိုလားနေသည်ဟု ဆိုသည်။ (အင်တာနက်)

ချစ်စိုးနိုင်-စုစည်းသည်။

မူဆယ် မြန်/ဆက်၌ စာဖတ်ပွဲကျင်းပ

မူဆယ် မေ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် စာဖတ်ပရိသတ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ပွဲနှင့် ဆွေးနွေးပွဲများကို လစဉ် ကျင်းပလျက်ရှိသည်။

ဖတ်ကြား

မေလအတွက် စာဖတ်ပွဲနှင့် ဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၁၀နာရီက ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ် (၉) ပါ စာတည်းမှူး၏ယုံကြည်မှုကို ဝန်ထမ်းများနှင့် စာဖတ်ပရိသတ်တို့က တစ်ပိုဒ်ချင်းအလိုက် အလှည့်ကျ ဖတ်ကြားကြသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က စာတစ်ပိုဒ်ချင်းအလိုက် အဓိပ္ပာယ်များကို ထုတ်နုတ်ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)



စေ့စပ်ကြောင်းလမ်းမင်္ဂလာ ကျေးဇူးတင်လွှာ

၉-၅-၂၀၀၉ရက် (စနေနေ့) Sedona Hotel (မင်းတုန်းခန်းမ)၌ ကျင်းပသော စေ့စပ်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော နှစ်ဖက်မိဘဆွေမျိုးများ၊ စေ့စပ်လက်စွပ်ချီးမြှင့်ပေးပါသော ဘဘကြီး ဒေါက်တာရဲမြင့်(နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီး)- ကြီးကြီး ဒေါက်တာခင်လေး (အထွေထွေရောဂါကုဆရာဝန်ကြီး)၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မေတ္တာဖြင့် မိတ်ကပ်ခြယ်သပေးသော မကြီးစန်း(ခင်စန်းဝင်း)၊ မေတ္တာဖြင့် ဝတ်စုံချုပ်ပေးသော ကိုတွတ်(ဗိုလ်ချုပ်ဈေး)၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးသော မေဦးမောင် (တော်ဝင်သူ)၊ အစစအရာရာ အဘက်ဘက်မှ ကူညီပေးသော ကိုသန့် (M.သန့်)၊ Jewelly မြန်မာကျောက်မျက်နှင့် Sedona မှ Sale Marketing Manager မဇင်မာမာသန်းနှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မျိုးသက်အောင်-နုယဉ်ထွေး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဇဟိုလမ်းနေ
ဦးစိုးသန်း-ဒေါ်အေးအေးဟန်
(ရွှေရည်စံပယ်အဝတ်အထည်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်) တို့၏သားဦး
မောင်ဝေယံ **(2 nd year, Engineering Faculty , Assumption University , BKK)**
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝရတ်ရိပ်သာနေ
ပါမောက္ခဗိုလ်မှူးကြီးခင်ဇော်-ပါမောက္ခဒုတိယဗိုလ်မှူးကြီးကေသီထွန်းတို့၏သမီးဦး
မနှင်းဦးမွန် **(Final Part 1, UM-1, YGN)**

တို့သည် ၁၇-၅-၂၀၀၉ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေယံ-မနှင်းဦးမွန်။

ကမ္ဘောဇလူငယ်အလေးမ တံခွန်စိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် မေ ၁၈

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ မေ ၁၉ရက်မှ ၂၄ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကမ္ဘောဇလူငယ်အလေးမ တံခွန်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် အလေးမအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက် ခွာသွားသည်။

ပါဝင်

မြန်မာလူငယ် အလေးမအဖွဲ့ကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းက အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါပြီး ဒေါ်ဝင်းဝင်းမော်က နည်းပြအဖြစ် လည်းကောင်း၊ အားကစားသမားများအဖြစ် ကေခိုင် (ရန်ကုန်မြို့တော်စည်ပင်)၊ မအေးချို(အား/ကာသိပ္ပံ၊ မန္တလေး)နှင့် မိုးသူဇာ(အား/ကာသိပ္ပံ၊ ရန်ကုန်)တို့က အားကစားသမားများအဖြစ် လည်းကောင်း ပါဝင်ကြသည်။

ပါဝင်

အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်ကဒိုင်လူကြီးအဖြစ်ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်လူကြီးအဆင့်(၁) မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေလည်း လိုက်ပါသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မေ ၈ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် မြန်မာ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အထိမ်းအမှတ် ညစာစားပွဲတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသော (၁၈) ကြိမ်မြောက် Global Summit of Women 2008 တွင် Vietnam Chamber of Commerce & Industry (VCCI) မှ ချီးမြှင့်သော ASEAN Outstanding Women Entrepreneur Award ဆုရရှိခဲ့သည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမဆင့်) အား မြန်မာ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတည်ထောင်သူ အကြံပေး ပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

မူးယစ်ကင်းစင် အလှဆင်

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ အသင်းလိုက်နှင့် သက်တန်းလိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၅ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးအစား

ပြိုင်ပွဲအမျိုးအစားများမှာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၅၅နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ အသက် ၁၂နှစ်နှင့် အသက် ၁၄နှစ်အောက် လူငယ်ကျား/မ တင်းနစ်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ (က)အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်၄၅နှစ်အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားတစ်ဦး၊ အသက်၅၀အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားတစ်ဦးနှင့် အသက် ၆၀အထက် ပြည်နယ်နှင့်တိုင်း အားကစားသမား၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။ အားကစားသမားအနေဖြင့် အသင်းတစ်သင်းလျှင် အားကစားသမားဦးရေ အနည်းဆုံး ခြောက်ဦး၊ အများဆုံး ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရမည်။

ယှဉ်ပြိုင်ခွင့်

(ခ)သက်တန်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲစတင်သည့်ရက်မှစ၍ အသက်ပြည့်သူနှင့် အသက်မကျော်လွန်သူအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှလာရောက် ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၊ လူငယ်သက်တန်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် နေထိုင်ရေးတို့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်။

စာရင်းပေးသွင်း

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂(လိုင်းခွဲ-၀)သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ ၁၉ရက် မွန်းလွဲ ၂ နာရီတွင် ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံနှင့် အရှေ့အာရှ ပညာသင်ဖလှယ်ရေးအစီအစဉ်အရ **Japan Foundation** က မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာသင်ယူရန်အတွက် ရွေးချယ်ခြင်းခံရသော ကိုထင်အောင်(အင်းစိန်) **PMPS** ဂျပန်နိုင်ငံသို့ သုံးလကြာ သွားရောက်လေ့လာသင်ယူရန်အတွက် မေ၁၁ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

သတ်မှတ်ကာလအထိ ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန်နှိုးဆော်

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသောပုစွန်များ ပေါက်ဖွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သောကြောင့် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊၄၄၊၄၅ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည် ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ထန်းတပင်၌ တိုးတက်ကြွခိုင်ဒို့ပန်းခိုင် စာကြည့်တိုက်ဖွင့်

ထန်းတပင် မေ ၂

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် တလိုင်းအိုင်ကျေးရွာအုပ်စု ရွာလေးကုန်းကျေးရွာ တိုးတက်ကြွခိုင်ဒို့ပန်းခိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက်၁၁ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ရွာလေးကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးလှစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက စာပေများလေ့လာဖတ်ရှုရခြင်း အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှစိုးက စာကြည့်တိုက်ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဂျာနယ်စာစောင် ၁၀၀၊ ဒေါ်ကြည်ကြည်ဝင်း(အောင်ချမ်းသာမိသားစု)က ကြေးမုံသတင်းစာတစ်တွဲ၊ ဦးအောင်ဆန်းဦး(သီရိဟေမာ)က ဂျာနယ်အစောင် ၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကောမတီဝင် ဦးသန်းဆွေက လက်ခံယူသည်။ ယခုဖွင့်လှစ်ခဲ့သော စာကြည့်တိုက်အဆောက်အအုံမှာ ကျပ်နှစ်သိန်းကျော် ကုန်ကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျီးသဲလေးထပ်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာ ရွှေတောင်မြို့နယ်တွင် ကျင်းပ

ရွှေတောင် မေ ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ကျီးသဲကျေးရွာ ကျီးသဲလေးထပ်စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်မင်္ဂလာကို မေ ၃ရက် နံနက်က အဆိုပါနေရာ၌ ကျင်းပရာ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဗဟိုပန္နက်တိုင်တင်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

ပန္နက်တင်

ထို့နောက် မြို့နယ်စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေးကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးလှမြင့်၊ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဦးခင်မောင်၊ အုပ်စုဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် စာကြည့်တိုက်ကော်မတီဝင်များက ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

အဆိုပါစာကြည့်တိုက်အား ကျီးသဲဇာတိဖြစ်သူ မန္တလေးမြို့ ကျွဲဆည်ကန်၊ ဇေရတ်ရောင်းဝယ်ရေးပိုင်ရှင် ဦးလှမြင့်(ခ) ဦးချိုတူးက ငွေကျပ်သိန်း ၃၀ မတည်လှူဒါန်းပေးပြီး အလျားပေ ၂၀၊ အကျယ် ၁၆ပေရှိကာ သွပ်မိုးအုတ်ညှပ်အမျိုးအစား အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူငယ်စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်း

မိုးကောင်း မေ ၁၀

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နမ္မတီးကျေးရွာအုပ်စု လူငယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို အဆိုပါကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စေတနာရှင်များက စုစုပေါင်းငွေကျပ် ၄၆၈၄၀၀နှင့် သုတ၊ ရသစာအုပ်၊ စာနယ်ဇင်းမျိုးစုံ အုပ်ရေ ၃၀၀ တို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(၀၀၁)**

မင်းလှမြို့နယ်၌ အမေ့အိမ်စာကြည့်တိုက်ဖွင့် ငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မင်းလှ မေ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မင်းလှမြို့နယ် လက်ဆက်ကျေးရွာ အမေ့အိမ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ရပ်မိရပ်ဖ ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်လွင်က ကျေးလက်ပြည်သူများ ကျေးရွာကြည့်တိုက် အသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးရှိပုံများကို ဟောပြောဆွေးနွေးပြီး စာအုပ်စာစောင်မျိုးစုံ အုပ် ၅၀၊ မြို့နယ်ဥက္ကဋ္ဌနှင့်ဇနီး ဒေါ်စန်းယုနိုင်က ငွေကျပ်တစ်သောင်းနှင့် စာအုပ်မျိုးစုံ ၇၅အုပ်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင်က စာအုပ်စာစောင် ၅၀နှင့် ရပ်မိရပ်ဖ ဦးတင်အောင်က စာအုပ်စာစောင်မျိုးစုံအုပ် ၁၂၀ လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

မြို့နယ် သတင်းများ

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသော မြိုင်သာယာရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရေပေးရေးဖွင့်ပွဲကို မေ ၁ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ ရေပေးဝေရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (၀၁၄)

မူးယစ်ဆေးဝါးမှ ကင်းဝေးရေး

မှုခင်းကျဆင်းရေး နွားထိုးကြီး၌ ပညာပေး

နွားထိုးကြီး မေ ၄

နွားထိုးကြီးမြို့နယ် မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဧပြီ ၂၀ရက်က ဝက်လူးရဲစခန်းအပိုင် ဝက်လူးကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပရာ နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး သန်းဝင်းက မှုခင်းမဖြစ်ပွားရေး၊ ပညာပေးဟောပြောပြီး မှုခင်းကြီးမဖြစ်ပွားရေး၊ မှုခင်းကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေး၊ ရဲနှင့်ပြည်သူ ပူးပေါင်းရေး၊ မှုခင်းနှင့်ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောရာ ဝက်လူးကျေးရွာ လူမှုရေးအဖွဲ့အစည်း၊ ဝက်လူး၊ သင်းတီးနှင့် ကဲဦး ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **(၀၉၂)**

နောင်မွန်၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံများဖွင့်

နောင်မွန် မေ ၃

ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်းရှိ နမ်ပန်ဒမ်း၊ ထန်ထုနှင့် ကဆန်ခူးကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများကို မတ်၁၃ ရက်မှ ၁၅ရက်အထိ အဆိုပါ စာကြည့်တိုက်ရှေ့များ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌများ ဖြစ်ကြသော ဦးမယစ်ဒီးရမ်၊ ဦးဆန်နိုင်ဆားရ်နှင့် ဦးထီဆန်ဒါဝီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖန်ဇီးဒီးက စာအုပ် ၅၀စီလှူဒါန်း၍ စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံအောင် ဆက်လက်ကြိုးစားဆောင်ရွက်ရန် ဟောပြောသည်။ **(မြို့နယ်ပြန်/ဆက်)**

လားရှိုးမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား ယာဉ်မောင်းတစ်ဦး ပွဲချင်းပြီးသေဆုံး

လားရှိုး မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်း ပြည်ထောင်စုလမ်းမကြီး ရေပန်းလမ်းဆုံ၌ မေ ၁ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ ယာဉ်မောင်းတစ်ဦးပွဲချင်းပြီး သေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာ ကျောက်မဲမြို့ ရန်ကင်းအမှတ်(၂) ရပ်ကွက်နေ ပီအီး(၁၂)ဘီးကား၊ အမှတ်(၂ခ/၆၆၄၄) ယာဉ်မောင်းလှမင်းဦး၊ အသက်(၂၇နှစ်)၊ (ဘ) ဦးကျော်မင်းသည် ကျောက်ဆည်မှ မူဆယ်မြို့သို့ သရက်သီးများတင်ဆောင်ကာ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် လားရှိုးမြို့တွင်း ရေပန်းလမ်းဆုံအရောက် ဘရိတ်ပေါက်ကာ ရပ်ကွက် ၁၂မန်ဆူဘက်မှ ပြည်ထောင်စုလမ်းမ (သိန်းနီလမ်း)အတိုင်း မြို့မဈေးဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း စိုင်းကျော်နိုင်(ခ)ရှမ်းလေး ယာဉ်အမှတ်(ထ/၁၆၈) ဆန်နီ(အဖြူ)ကားကို တိုက်မိပြီး ထိုအနေအထားအတိုင်း တရွတ်တိုက်ပါလာကာ လမ်းတစ်ဖက်ရှိ နေအိမ်ဝင်းအတွင်းသို့ ဝင်ရောက်ရပ်တန့်သွားသည်။ **(ယာပုံ)**

ဖြစ်စဉ်တွင် ဆန်နီယာဉ်မောင်း စိုင်းကျော်နိုင်(ခ)ရှမ်းလေးမှာ ယာနားထင် နောက်ဦး ရေခွံပေါက်၊ သွေးယိုစီးဒဏ်ရာ၊ ယာနားထင် နှစ်လက်မခန့်ပေါက်ပြဲဒဏ်ရာ၊ ယာမျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ ယာလက်

လက်ညှိုးလက်မပေါက်ပြဲဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာ နေရာတွင်ပင် သေဆုံးခဲ့သည်။

အရေးယူထား

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်စောဝင်းက တရားလိုပြု၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းလှမင်းဦးအား လားရှိုးမြို့ အမှတ်(၁)ရဲစခန်းမှ (ပ) ၁၃၉/ ၀၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(တ)အရ အရေးယူထားကြောင်း သိရသည်။**(၀၂၆)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်း သလုံးသွေးကျေးရွာအုပ်စု သလုံးသွေးကျေးရွာ စက်ရေတွင်း တွင်းပြင်/ တွင်းဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ် ၂၈ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးသိန်းညွန့်ဟန် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပဲခူးမြို့ အားကစားကွင်းတွင် ကျင်းပ

ပဲခူး မေ ၁၃

ပဲခူးတိုင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၇နာရီခွဲက ပဲခူးမြို့ ဥဿာအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များသည် အားကစားကွင်းအတွင်း သတ်မှတ်နေရာ အသီးသီးတွင် ရောက်ရှိနေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ပြုလုပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ လုပ်သက် (၂၅)နှစ်ကျော် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဂုဏ်ပြုဆု၊ အထူးဆုရရှိသော အမျိုးသမီးအရန်မီးသတ်တပ်ဖွဲ့အသင်းများ၊ မီးသတ်စွမ်းရည်ပြိုင်ပွဲ၊ စစ်ရေးပြပြိုင်ပွဲ၊ မီးသတ်စက်ကြီးပြိုင်ပွဲနှင့် မီးသတ်စက်ကလေးပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အသင်းများ၊ စခန်းသာယာလှပရေးဆု၊ မီးလောင်မှုအနည်းဆုံးခရိုင်ဆုနှင့် မီးသတ်ကျင့်ဝတ်အရာရှိ၊ အကြပ်၊ တပ်သား အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မီးသတ်စွမ်းရည်ပြိုင်ပွဲနှင့် စစ်ရေးပြပြိုင်ပွဲတွင် ပထမဆုရရှိသော ဒိုက်ဦးအသင်း၊ မီးသတ်စက်ကြီးပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးအသင်း၊ မီးသတ်စက်ကလေးပြိုင်ပွဲတွင် ပထမဆုရရှိသော ဒိုက်ဦးအသင်းနှင့် မီးသတ်စွမ်းရည်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဒိုက်ဦးအသင်းတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ်မီးသတ်)**

လူတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြော

သံဖြူဇရပ် မေ ၂၀

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၄ရက် နံနက်က သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဦးက လူမှ လူသို့ ကူးစက်တတ်သော တုပ်ကွေးရောဂါအကြောင်းနှင့် သတိပြုလိုက်နာရန် အချက်အလက်များကိုလည်းကောင်း **(အပေါ်ပုံ)**၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ဝက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်ရန် အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။

တက်ရောက်

အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင်၌ နွေရာသီ သင်တန်းများဖွင့်

ယင်းမာပင် မေ ၁၄

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း သိင်္ဂီဆောင်၌ ဧပြီ ၂၆ရက် ညနေ ၆နာရီက ဘင်ခရာသင်တန်း၊ ယဉ်ကျေးမှုသင်တန်းနှင့် အဆို၊ အက၊ အရေး၊ အတီး သင်တန်းများဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နည်းပြ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကျောင်းသူမသိမ့်ဟန်နီက ကဗျာလွတ်အကဖြင့် လည်းကောင်း၊ မောင်မျိုးမြင့်ဇော်က ဂီတဗိမာန်သီချင်းဖြင့်လည်းကောင်း၊ ဟိန်းထက်ဇော် စည်တော်ကြီးအိုးစည် ဒိုးပတ်အဖွဲ့က ဒိုးပတ်ဖြင့် လည်းကောင်း၊ စိန်ကြည်တိုး၏ရင်သွေးမောင်ကျော်မျိုးလှိုင်က အောင်မင်္ဂလာယိုးဒယားဖြင့် လည်းကောင်း တီးခတ်ဖျော် ဖြေကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင် တို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အောင်ချမ်းသာရပ်ကွက် ပြည်သူတို့ ပူးပေါင်း၍ အလျားပေ ၄၈၀၊ အကျယ် ၁၂ပေရှိ ကွန်ကရစ်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ဧပြီ ၂၇ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်တွင်းကြီး၌ စာကြည့်တိုက် အဆောက်အအုံများဖွင့်

တောင်တွင်းကြီး မေ ၁၂

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် အင်ကြင်းကုန်းအုပ်စု အင်ကြင်းကုန်းကျေးရွာတွင် ရှင်ခေမာစာကြည့်တိုက်၊ မင်းကြီးရောင်ကျေးရွာတွင် ပေတစ်ပင်ရှင်ခေမာစာကြည့်တိုက်၊ ပျားစည်ပင်ကျေးရွာတွင် သုတစာကြည့်တိုက်၊ စည်ပင်သာယာကျေးရွာတွင် လစန္ဒာစာကြည့်တိုက် **(အောက်ပုံ)** နှင့် ဥက္ကလာပကျေးရွာတွင် ရောင်ပြန်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲကို ဧပြီ ၂၃ရက်က မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးသန်းမြိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အုပ်စုဥက္ကဋ္ဌ ဦးသန်းမြိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အလှူရှင် ၂၅ဦးက ငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ သုတ၊ရသစာအုပ်မျိုးစုံ ၉၀၀ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ် (၁)ရပ်ကွက်အတွင်းရှိ ရေမြောင်းများတူးဖော်ခြင်း၊ ဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (ဒုတိယ ညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖလမ်းခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲ ကျင်းပ

ဖလမ်း မေ ၁၂

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို မေ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါဦးစီးအရာရှိရုံးခန်း၌ ကျင်းပရာ အကြီးတန်းစာရေး ဒေါ်မန်ထွမ်ကိမ်းက ဖေဖော်ဝါရီလထုတ် အတွဲ (၇)၊ အမှတ်(၄၈) ဆဲဗင်းဒေးဂျာနယ်တွင် ဥက္ကာကိုကိုရေးသားသည့် စာအုပ်များနှင့် စကားပြောခိုင်းသူ ဆောင်းပါးကို ဖတ်ကြားဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က စာဖတ်သူများပြားရေးနှင့် စာအုပ်ငှားသူများပြားရေးအတွက် ထိုးထွင်းဉာဏ်အသုံးပြုဆောင်ရွက်သည့် သာဓကကောင်းအဖြစ် လေ့လာကြရန်နှင့် အလားတူဖြစ်ရပ်မှန်အခြေခံသည့် သတင်းများရေးသားပေးပို့ခြင်းအပြင် နမူနာယူ၍ နည်းလမ်းကောင်း တီထွင်အသုံးပြုဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ စစ်ကိုင်း၌ကျင်းပ

စစ်ကိုင်း မေ ၁၀

၂၀၀၉-၂၀၁၀ စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ရက်က စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးတင်မောင်အုန်းက စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းအကြောင်းများကို ရှင်းလင်းဆွေးနွေးကာ သက်ဆိုင်ရာဌာနများသို့ လုပ်ငန်းတာဝန်များကို ပေးအပ်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့အတွင်းရှိ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၅၀ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျောင်းကြီးတန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲကို မေ ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ထွေ/အုပ်)

ရောင်ခြည်ဦး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကံမတွင်ကျင်းပ

ကံမ မေ ၈

မကွေးတိုင်း ကံမမြို့ ရောင်ခြည်ဦးစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂ရက်က အသင်းရုံးစိုက်ရာနေရာ၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးကုလားနှင့် အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး ဦးမောင်မောင်တို့က ဆောင်ရွက်သည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးတင်အောင်က သမဝါယမလုပ်ငန်းဆိုင်ရာကိစ္စများအား ရှင်းလင်းဆွေးနွေးပြီး အသင်း၏ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာများကို အသင်းသားများသို့တင်ပြ၍ သဘာပတိက အတည်ပြုချက်ရယူသည်။ အစည်းအဝေးအပြီးတွင် အသင်းသား ၂၀အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် စိုက်ပျိုးစရိတ်ငွေများ ထုတ်ပေးကြောင်း သိရသည်။ **(မြို့နယ်သမဝါယမ)**

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အား အမှုဖွင့်စစ်ဆေးကြားနာ

နေပြည်တော် မေ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄/၅၆)နေ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇ အရ ၎င်း၏ မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ ၁၀(က)အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ပုဒ်မ ၁၀(ခ)/၁၁တို့အရ တားဆီးမိန့်နှင့် ပုဒ်မ ၁၃/၁၄တို့အရ ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားခဲ့သည်။

ထိုသို့ ကန့်သတ်မိန့်၊ တားဆီးမိန့်များထုတ်ပြန်၍ တားဆီးထားစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် နေထိုင်သည့် တားမြစ်ကန့်သတ်ထားသည့်နေရာ အိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ရက် ညအချိန်တွင် ခြံအနောက်ဘက် အင်းလျားကန်အတွင်းမှ ရေကူးပြီး သွားရောက်ကာ ခြံဝ၌ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့နှင့်တွေ့ရှိ၍ Book of Mormon အမည်ရှိ စာအုပ်ကို ဒေါ်အောင်ဆန်းစုကြည်ဖတ်ရှုရန် နေအိမ်ခြံဝင်းအတွင်း ချထားပေးခဲ့ကြောင်း၊ အလားတူ ၂၀၀၉ခုနှစ် မေ ၃ရက် ညအချိန်တွင် အင်းလျားကန်အတွင်းမှ ရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw နှင့် လက်ခံစကားပြောဆိုခဲ့ခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းတို့ကို ပြုလုပ်ပြီး မေ၅ရက် ညအချိန်အထိ နေအိမ်အတွင်း နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုအပေါ် အားပေးကူညီမှုပြုခဲ့ကြောင်း၊ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က တရားလိုပြုလုပ်၍ ကန့်သတ်မိန့်နှင့် တားဆီးမိန့်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရလည်းကောင်း၊ ထိုသို့ ဖောက်ဖျက်ကျူးလွန်သူကို အားပေးကူညီခဲ့ကြသည့် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့ သုံးဦးအား ယင်းဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ပြည်ဝင်ဗီဇာဖြစ်သော ကမ္ဘာလှည့်ဗီဇာဖြင့် လာရောက်ခဲ့သော်လည်း ဥပဒေအရ ကန့်သတ်တားမြစ်ထားသော စည်းကမ်းသတ်မှတ်ချက်ကို ဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၁၃(၁)အရ အမှုဖွင့်အရေးယူပေးပါရန် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ (ပ)၃၀၁/၂၀၀၉ နှင့် (ပ)၃၀၂/၂၀၀၉တို့အရ တိုင်ကြားခဲ့သည်။

ဦးတိုက်လျှောက်ထား

ထို့အတူ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထူးကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ (၄၀)အရ ပြဋ္ဌာန်းထားသည့် ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ အင်းလျားကန်အတွင်း ရေကူးခြင်းမပြုရန် တားမြစ်ချက်ကို ဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၈အရ အရေးယူပေးပါရန် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။

လျှောက်ထားတင်ပြ

အဆိုပါ တရားစွဲဆိုလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ခရိုင်တရားသူကြီး ဦးသောင်းညွန့်နှင့် ဦးညီညီစိုးတို့ ရုံးထိုင်သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တရားစွဲတင်ပို့သည့်အမှုများနှင့် မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးက ဦးတိုက်လျှောက်ထားမှုတို့ကို မေ ၁၄ရက်တွင် ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/၂၀၀၉နှင့် ၄၉/၂၀၀၉တို့အရ အမှုလက်ခံဖွင့်လှစ်ပြီး စစ်ဆေးကြားနာခဲ့သည်။ ထိုနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးမြင့်ကြိုင်က အဆိုပါအမှုများ တရားစွဲဆိုရခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားတင်ပြသည်။ ခရိုင်တရားရုံးက ဥပဒေအရာရှိ၏ လျှောက်ထားချက်ကို ကြားနာပြီးနောက် တရားခံများအား ရှေ့နေဖြင့် ထုချေနိုင်ကြောင်း အသိပေးကာ အမှုစစ်ဆေးရန် မေ၁၈ရက်သို့ ရွှေ့ဆိုင်းခဲ့သည်။

စစ်ဆေးခဲ့

ယနေ့တွင် တရားခံများ ရုံးရှေ့ရောက်ရှိလာပြီး တရားခံ ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်တို့ကလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်၊ ဦးဉာဏ်ဝင်း တို့ကလည်းကောင်း၊ မဝင်းမမအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်တို့ကလည်းကောင်း၊ တရားခံ Mr. John William Yettaw အတွက် လိုက်ပါဆောင်ရွက်ရန် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးကလည်းကောင်း ရှေ့နေကိုယ်စားလှယ်လွှဲစာများ တင်သွင်းခဲ့ကြသည်။ တရားရုံးက အမှုကို ဆက်လက်စစ်ဆေးရာ ညနေ၃နာရီအထိ အမှုတစ်မှုစီအတွက် တရားလိုပြ သက်သေတစ်ဦးစီအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်

၁၈-၅-၂၀၀၉

ချောက်	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁	ဒီဂရီစင်တီဂရိတ်
မကွေး	၄၀	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၀	ဒီဂရီစင်တီဂရိတ်
ပြည်	၄၀	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

၁၈-၅-၂၀၀၉

နောင်ချို	၃	ဒသမ	၅၀	လက်မ
မန္တလေး	၂	ဒသမ	၉၁	လက်မ
တောင်ငူ	၂	ဒသမ	၆၄	လက်မ
ရွှေဘို	၂	ဒသမ	၂၈	လက်မ
ကျောက်ဆည်	၂	ဒသမ	၂၀	လက်မ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးဝေစည်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်းလေးဒေသ မြို့ညောင်ရွှေ

မြို့အဝင်မုခ်ဦး

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့၏ မြို့အဝင်မုခ်ဦးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တောင်ကြီး မေ ၁၈ (ဖက်စ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်ရှိ ညောင်ရွှေမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၅၀၌ တည်ရှိသည်။ မြို့၏ အရှေ့ဘက်၌ ဆီဆိုင်မြို့နှင့် တောင်ကြီးမြို့၊ အနောက်ဘက်တွင် ကလောမြို့၊ တောင်ဘက်တွင်မူ ဖယ်ခုံမြို့နှင့် မြောက်ဘက်အရပ်၌ တောင်ကြီးမြို့တို့ ဝန်းရံတည်ရှိသည်။

အခြေချနေထိုင်သူ လူဦးရေ တစ်သိန်းခြောက်သောင်းကျော်ရှိသည်။ အကျယ်အဝန်း ဧရိယာအားဖြင့် ၅၆၁ဒသမ၄၁စတုရန်းမိုင် ရှိသည်။ စိုက်ပျိုးမြေဧက သုံးသိန်းငါးသောင်းကျော် ရှိသည်။ စပါးကို အဓိက စိုက်၍ မွေးမြူရေးအနေဖြင့် ငါးမွေးမြူဧက ၁၀၆၆ဒသမ၄၈၄ဧက ရှိကြောင်း သိရသည်။

ကမ္ဘာလှည့်

မြို့၏ ရောင်းရေးဝယ်တာအတွက် မြို့မဂ်လာဈေး အပါအဝင် ဈေးရှစ်ခု ရှိသည်။ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုများပြားသဖြင့် အဆင့်မီလှပသော ဟိုတယ်ပေါင်း ၃၀ကျော်ရှိကြောင်း သိရသည်။ အင်းကိုးခုရှိပြီး အင်းလေးကန်သည် နာမည်ကြီးလှသည်။ မြို့ဝင်ဆိုင်းဘုတ်သည်ကား ဒီဇိုင်းလှပခံ့ညားမှုကို ပြသနေသည်။

စာမျက်နှာ ၇ ကော်လံ ၁

သတင်းခရီးသည် - ဝင်းကျော်
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)